# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (30-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား

## ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့်သက်သေပြကြရန် တိုက်တွန်းလို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် စနစ်တကျစီမံခန့်ခွဲပေးရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ကြည်ညိုလေးစားဖွယ် ဆရာ့ဂုဏ်ရည်များ

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူသော ဝေါဟာရနှင့်အတူ ကြည်ညိုလေးစားဖွယ် ဆရာ့ဂုဏ်ရည်များကို ကျောင်းနေအရွယ်ကတည်းက ကလေးငယ်များ၏ ရင်ထဲနှလုံးသားထဲ၌ စွဲထင်နေအောင် ပန်းထွက်ချပေးသည့်အစဉ်အလာ အခိုင်အမာရှိခဲ့ပါသည်။ ဆရာဟူသော ဝေါဟာရ သက်တမ်းသည်လည်း လွန်ခဲ့သော နှစ်တစ်ထောင်ခန့် ပုဂံခေတ်မှ ယနေ့ခေတ်တိုင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း မြတ်မြတ်နိုးနိုး သက်တမ်းကာလကြာမြင့်စွာ တည်ရှိလျက်ရှိပါသည်။

လူသားတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာအသီးသီးရှိကြပါသည်။ တပည့်များကို အသိပညာ၊ အတတ်ပညာများစွာ တတ်မြောက်အောင် စိတ်ရှည်လက်ရှည် သင်ကြားပေးခြင်း၊ ဝါသနာ၊ စေတနာ၊ အနစ်နာတို့ အရင်းခံ၍ သင်ကြားပြသဆုံးမပေးသည့် ဆရာများ၏ ဂုဏ်ကျေးဇူးများသည် အလွန်လေးစားစရာ ကောင်းလှပါသည်။ ထို့ကြောင့် ဆရာများ၏ ဂုဏ်ကျေးဇူးနှင့် အရည်အသွေးပြည့်ဝသောဆရာများ ကမ္ဘာကြီးတွင် ပိုမိုထွန်းကားလာရန်အတွက် နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် အမှန်အမြတ်ထား ကျင်းပကြလေ့ရှိသည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင်လည်း ဆရာများကို အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ် အမြဲဦးထိပ်ထားသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ ဖွဲ့ဆိုတော်မူသော လက်သစ်တောင်တာ ဆုံးမစာ၌ "အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း၊ ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို၊ နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုပ္ပန်၊ နောင်သံသရာ၊ ဆက်များစွာ၌၊ ချမ်းသာမည့်အရေး၊ အလွန်ဝေးသည်၊ သေဘေးမလွဲ၊ ဝဋ်ဆင်းရဲမှ၊ ရွှေခဲဘယ်နှယ်၊ အသွယ်သွယ်ကို လွှဲဖယ်၊ ကြံစည်၊ လွတ်ပါမည်"ဟူ၍ ဖွဲ့ဆိုထားရာ ဆရာများအပေါ် အမိအဘသဖွယ် လေးစားတန်ဖိုးထားသည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုကို ထင်ရှားစွာ တွေ့ရပေသည်။

ဆရာများ၏ဂုဏ်ရည်ကို ရင်ထဲတွင် အမြတ်တနိုးထားကာ မိဘကဲ့သို့ ပူဇော်ကန်တော့ကြသည့် အစဉ်အလာကို ယနေ့ခေတ် ဆရာကန်တော့ပွဲများ နိုင်ငံအနှံ့အပြား၌ ထင်ထင်ရှားရှား ကျင်းပကြခြင်းက သက်သေခံလျက်ရှိသည်။ သီတင်းကျွတ်အခါသမယတွင်လည်း မိဘများကို ပူဇော်ကန်တော့သည့်နည်းတူ ဆရာတို့၏ဂုဏ်ရည်ကို အလေးထား၍ တပည့်အပေါင်းတို့က အခမ်းအနားများဖြင့်ပင် စုပေါင်းဂုဏ်ပြုပူဇော်ကြလေ့ရှိပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ထဲတွင် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး ချမှတ်ထားရှိပါသည်။ ထိုသို့ ဦးတည်ချက်ချမှတ်အကောင်အထည်ဖော်ရာတွင် အခြေခံအကျဆုံး လူသားအရင်းအမြစ် ပြုစုပျိုးထောင် ပေါ်ထွက်ရေးအတွက် ဆရာများသည် ပဓာနကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗိသုကာများနေရာသို့ ရောက်ရှိနေသည့် ဆရာ၊ ဆရာမများဂုဏ်ရည်သည် တန်ဖိုးကြီးမားလှပါသည်။ ထို့ကြောင့် ကြည်ညိုလေးစားဖွယ်ရာ ဂုဏ်ရည်များနှင့်ပြည့်စုံအောင် စောင့်ထိန်းနေထိုင်၍ နိုင်ငံတာဝန်ထမ်းရွက်လျက်ရှိသော ဆရာ၊ ဆရာမတို့၏ လူမှုဘဝလှပဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းမှုများကို နိုင်ငံတော်အပိုင်းသာမက ပြည်သူအပေါင်းကပါ အင်တိုက်အားတိုက် ဖြည့်ဆည်းကူညီဆောင်ရွက်ပေးသင့်ပါကြောင်း အလေးအနက်ထား ရေးသားလိုက်ရပါသည်။

# တော်သလင်းလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မန္တလေး အောက်တိုဘာ ၁၉

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တော်သလင်းလပြည့်နေ့(ယနေ့)၌ နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တော်သလင်းလပြည့်နေ့ ဂရုဓမ္မအခါတော်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာစည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ မြန်မာလူမျိုးတို့ရဲ့ တော်သလင်းလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ဒီနေ့ ဂရုဓမ္မအခါတော်နေ့မြတ်မှာဆိုရင် မြို့ပေါ်နဲ့ ရပ်နီးရပ်ဝေးနယ်စုံဒေသက ဘုရားဖူးတွေ မနက်အစောပိုင်းကနေစပြီး လာရောက်ဖူးမြော်နေကြတာပါ။ ဘုရားဝတ်ပြုသူ၊ တရားထိုင်သူ၊ ဓမ္မစကြာရွတ်ဖတ်သူ၊ ပဋ္ဌာန်းရွတ်ဖတ်သူ၊ ရွှေသင်္ကန်းကပ်သူ၊ ပန်းကပ်လှူသူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီးနေရာတွေကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်တွေကို သွားရောက်ပြီးလဲ ငါးစာ၊ လိပ်စာကျွေးကြပါတယ်"ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိ ရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးပြည်သူ ၃၁၂၇၈၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်များ သိသိသာသာ မြင့်တက်လာမှုမရှိသေးသော်လည်း စလစ်မြေ၊ ဂရန်မြေများ ပို၍စိတ်ဝင်စားမှုများလာပြီး အမည်ပေါက်ဂရန်မြေများ ဝယ်ယူမှုရှိနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရာတွင် ဂရန်မြေ၊ ဘိုးဘပိုင်မြေ၊ စလစ်မြေ အမျိုးမျိုးအနက် အမည်ပေါက် ဂရန်မြေများမှာ လူစိတ်ဝင်စားမှုများနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်းမြင့်တက်နေကြောင်း၊ ယခုလအတွင်း ငွေကျပ် သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ပြန်ဖြစ်လာသောကြောင့် အိမ်ခြံမြေဈေးကွက်ပြန်လည်လှုပ်ခတ်စပြုလာကြောင်း သိရသည်။

"လက်ရှိအခြေအနေမှာက မြေဈေးကွက်ထဲမှာ စလစ်အတု၊ ဂရန်အတု၊ ပိုင်ဆိုင်မှုအတုတွေနဲ့ လိမ်လည်တာမျိုးတွေအပြင် ပြဿနာမျိုးစုံဖြစ်နေတာတွေ ရှိလာတာမို့ အရောင်းအဝယ်သမားတွေက ဂရန်မြေတွေကို ပိုပြီးစိတ်ဝင်စားလာကြတာပါ။ အခုက ဂရန်မြေတွေကိုဝယ်ယူပြီးရင်လဲ တစ်ခါတည်း အမည်ပေါက် ပြောင်းတာတွေ၊ အခွန်ဆောင်တာမျိုးတွေ လုပ်လာကြတယ်"ဟုအိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

အငှားဈေးကွက်တွင်လည်း လူနေထိုင်မှုနှင့်ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါနေရာများနှင့် ဈေး၊ ကျောင်းနီးသော ရပ်ကွက်များ၌ ပို၍ အငှားလိုက်နေကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများ အနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိ ရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့် ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ဒေသစုံမှဝင်ရောက်လာသည့် ငရုတ်သီးမှည့်အစို အသင့်ရွေးပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ပေါက်ဈေးရှိနေ

မန္တလေး အောက်တိုဘာ ၁၉

မန္တလေး ဈေးကွက်အတွင်း ဒေသစုံမှ ဝင်ရောက်လာသည့် ငရုတ်သီးမှည့်အစို အသင့်ရွေးပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ပေါက်ဈေးရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

အဆိုပါငရုတ်သီးမှည့်အစိုများသည် ယခုအခါ ဒေသစုံမှ စတင်ထွက်ရှိလာပြီး မန္တလေးဈေးကွက်အတွင်း ဝင်ရောက်နေပြီဖြစ်ကြောင်း၊ ငရုတ်သီးမှည့်အစိုများ ဈေးကွက်အတွင်း ရောင်းချရာတွင် အသင့်ရွေးပြီး တစ်ပိဿာလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၀၀၀ မှ ၂၃၀၀ ပေါက်ဈေးဖြင့် ရောင်းချနေရကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

"ငရုတ်သီးမှည့်အစိုက အသင့်ရွေးပြီး တစ်ပိဿာကို အမျိုးအစားအလိုက် ငွေကျပ် ၂၀၀၀ ကနေ ၂၃၀၀ ဈေးရှိပါတယ်။ အခုလက်ရှိမှာ ဝယ်လက်နည်းသေးပါတယ်။ ဈေးကလဲ မငြိမ်သေးပါဘူး။ အခြောက်ခံပြီးမှ ရောင်းကြတာများပါတယ်။ ပြည်ပကို တင်ပို့ရောင်းချတာတော့ မရှိသေးပါဘူး။ ပြည်တွင်းမှာတော့ ရောင်းရတာရှိပါတယ်။ ဒီနှစ်က ရာသီဥတုဖောက်ပြန်တော့ ငရုတ်တွေ ပျက်စီးပါတယ်။ ငရုတ်သီးမှည့်အစိုဈေးကတော့ ကောင်းတယ်လို့ ပြောလို့မရသေးပါဘူး"ဟု ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြသည်။

ငရုတ်များကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် မယ်သီလကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပဲခူး စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မယ်သီလကန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက မယ်သီလကန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပဲခူးမြို့နယ် မယ်သီလကန်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာသူ ကျေးရွာသားများက ယခုနှစ် စက်တင်ဘာလ ပထမပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပဲခူးမြို့နယ် မယ်သီလကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီပေးပို့နိုင်တော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၉ လမ်း၊ ၃၇ လမ်း-၃၈ လမ်းကြားနေ ဒေါ်စင်စောလင်း၊ သား-ဒေါက်တာအောင်မိုင်လင်း မိသားစုက ဆေးပဒေသာသင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုက်ဦးမြဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၉၆၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၆၈၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးစပါး ၁၈၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ဧကများကိုလည်း ယခုလကုန် အပြီးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မိုးစပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ မိုးစပါးဧက ၁၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဒီလကုန် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့တယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့ အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရန် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးမှုကို ၂၀၁၁ နှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၃၆၈၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# အောင်လံမြို့နယ် မင်းကန်တောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အောင်လံ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဗမဲကန်ကျေးရွာအုပ်စု မင်းကန်တောင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများသတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းကန်တောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၁၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုလှိုင်**

# လွိုင်လင်မြို့နယ် ဒုံတဖြူကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**လွိုင်လင် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာအုပ်စု ဒုံတဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်၊ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အိသီရိန္ဒယ်နှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ဒုံတဖြူကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လွိုင်လင်မြို့နယ် ဒုံတဖြူကျေးရွာ၌ အရှည်ပေ ၁၃၀၀၊ အကျယ် သုံးပေ၊ အမြင့်လေးလက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်နေမှုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၈ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက် တပ်ဆင်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဒုံတဖြူကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့ပြီး သန့်ရှင်းသော သောက်ရေ၊ သုံးရေများ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ရိုင်**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၅၅)

ကြည်လွင်မြင့် (မုံရွာ)



**လင်းလေ**

အင်္ဂလိပ်အမည် - Sweet-Flag
မျိုးရင်း - Araceae (ပိန်းမျိုးရင်း)
ရုက္ခဗေဒအမည် - Acorus calamus Linn;

**အဓိကဆေးဖက်ဝင်ပုံ**

ခိုက်မိဒဏ်၊ အဆစ်ရောင်နာ၊ အကြောထုံးခြင်း၊ အဖျားရောဂါ၊ လည်ချောင်းနာရောဂါ၊ မေးရွဲ့၊ ပါးရွဲ့ရောဂါ၊ သန်ကောင်တုတ်ကောင်ရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

အေးမြသောရာသီဥတုရှိသည့်ဒေသများ၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများတစ်ဝိုက်တွင် သဘာဝအလျောက် ပေါက်ရောက်သည်။ ဆေးဖက်ဝင်အပင်အဖြစ် စိုက်ပျိုးခြင်းများလည်းရှိသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အမြစ်၊ ဥ၊ မြေအောက်ပင်စည်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ပင်ပျော့ပင်ငယ်မျိုးဖြစ်၏။ သုံးပေခန့်ထိမြင့်သည်။ ပင်စည်မှာ မြေအောက်ပင်စည်ဖြစ်

❖ မြန်မာဆေးကျမ်းများအဆိုအရ လင်းလေသည် စူးရှသောအနံ့ရှိ၏။ ခါး၍ စပ်ဖျဉ်းဖျဉ်းအရသာရှိ၏။ နူးညံ့စွာဝမ်းသက်စေ၍ ဆီးရွှင်စေသည်။ လည်ချောင်းကိုအကျိုးပြုသည်။ အညစ်အကြေးနှင့် ဆီးကို သန့်ရှင်းအောင်ပြုတတ်သည်။ ❖

သည်။ အနံ့ထင်ရှားသည်။ ပင်စည်သည် ဥတက်သဖွယ်ဖြစ်ကာ ဥများရှိအဆစ်များသည် အဖြူရောင်ရှိသည်။

အရွက်။ ။အလျား သုံးပေခန့်ထိရှည်သည်။ ရွက်ပြားသေးသွယ်ရှည်လျားပြီးချောသည်။ ရွက်လယ်ကြောထင်ရှားသန်မာသည်။ မြေအောက်ပင်စည်မှ မြေပေါ်သို့ ယပ်တောင်သဖွယ်ဖြန့်ထွက်သည်။ ရွက်ထိပ်သည် ဓားသွားဦးကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။

အပွင့်။ ။ရှည်လျားသောပန်းခိုင်ပေါ်တွင် စိမ်းဝါရောင်အပွင့်များစွာပွင့်၏။ အဖူးခွံအစိမ်းရောင်ရှိ၍ အရွက်နှင့်တူသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ လင်းလေသည် စူးရှသောအနံ့ရှိ၏။ ခါး၍ စပ်ဖျဉ်းဖျဉ်းအရသာရှိ၏။ နူးညံ့စွာဝမ်းသက်စေ၍ ဆီးရွှင်စေသည်။ လည်ချောင်းကိုအကျိုးပြုသည်။ အညစ်အကြေးနှင့် ဆီးကိုသန့်ရှင်းအောင်ပြုတတ်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ လေဖြတ်၊ အကြောသေရောဂါအမျိုးမျိုးအတွက် လိမ်းဆေးအဖြစ် ချင်းခြောက်အမှုန့် နှစ်ဆနှင့် လင်းလေအမှုန့် တစ်ဆ၊ ရောစပ်ပြီး လိမ်းဆေးအဖြစ် ရေနွေးပူပူ သို့မဟုတ် အရက်ဖြင့် ဖျော်လိမ်းနိုင်သည်။ မုန်ညင်းဆီ၊ နှမ်းဆီတို့ဖြင့် ရောချက်ပြီးလည်း လိမ်းပေးခြင်းဖြင့် လေဖြတ်အကြောသေ၊ အကြောမသန်သောရောဂါ၊ အဆစ်ရောင်ရောဂါများ ပျောက်ကင်းစေနိုင်သည်။

၂။ အဖျားရောဂါနှင့် ချောင်းဆိုးရောဂါတွဲ၍ဖြစ်လျှင် လင်းလေအမြစ်ကို ထန်းလျက်နှင့်ရောကျိုသောက်ပါက အဖျားနှင့် ချောင်းဆိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

၃။ လည်ချောင်းနာရောဂါဖြစ်လျှင် လင်းလေအမှုန့်ကို နွားနို့ပူပူဖြင့် ရောစပ်တိုက်ကျွေးပါက လည်ချောင်းနာသက်သာပျောက်ကင်းစေနိုင်သည်။

၄။ ဝက်ရူးပြန်နှင့် စိတ်ရောဂါအတွက် လင်းလေအမှုန့်ကို ပျားရည်နှင့်ရော၍ လျက်ပေးရသည်ဟု ရှေးဆေးကျမ်းတွင်ဆိုသည်။

၅။ အကြောထုံးရောဂါဖြစ်လျှင် လင်းလေမှုန့်ကို သီဟိုဠ်သရက်စေ့အဆီဖြင့် ရောလိမ်းပါက အကြောထုံးခြင်း၊ အဆစ်ရောင်ခြင်းများ ပျောက်ကင်းစေနိုင်သည်။

၆။ ငှက်ဖျားချမ်းတုန်ဖျားဖြစ်လျှင် လင်းလေနှင့် ဆေးခါးကြီးကိုရောကျိုတိုက်ပါက အဖျားကျစေနိုင်သည်။

၇။ ကလေးများသန်ထလျှင် လင်းလေအမှုန့်ကို လှော်၍ အခိုးသတ်ပြီးသား ရှိန်းခိုနှင့် ဆတူရောတိုက်လျှင် ဝမ်းတွင်းရှိ သန်ကောင်တုတ်ကောင်များ ကျဆင်းလာစေနိုင်သည်။

၈။ ပါးရွဲ့၊ မေးရွဲ့ရောဂါဖြစ်လျှင် လင်းလေအမှုန့်ကို စန္ဒကူးနီအမှုန့်နှင့် ရောစပ်လိမ်းပေးပါက ပါးရွဲ့ရောဂါပျောက်ကင်းစေနိုင်သည်။

၉။ ကလေးများ ဝမ်းဖောဝမ်းရောင်ဖြစ်လျှင် လင်းလေကို ကျွမ်းအောင် မီးဖြင့်ဖုတ်၍ ဆီဖြင့်ရောကာ ဝမ်းဗိုက်တွင်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

၁၀။ ရှတ်တရက် ခြေထောက်ခေါက်လဲလျှင် လင်းလေအမြစ်ဥအစိုကို ညက်အောင်ထုထောင်းပြီး ခြေထောက်တွင် အဝတ် သို့မဟုတ် ပတ်တီးဖြင့်စည်းထားပါက အရောင်ကျသက်သာစေနိုင်သည်။

**လောက်သေပင်**

အင်္ဂလိပ်အမည် - မတွေ့သေးပါ။
မျိုးရင်း - Fabaceae (ပဲတောက်မျိုးရင်း)
ရုက္ခဗေဒအမည် - Desmodium triquetrum DC.

**အဓိကဆေးဖက်ဝင်ပုံ**

အဆုတ်ရောဂါ၊ ပိုးကြောင့်ဖြစ်သောရောဂါအမျိုးမျိုး၊ ဆီးသွေးပါရောဂါ၊ ဆီးပူဆီးအောင့်ရောဂါ၊ သွေးဝမ်း၊ မီးယပ်သွေးလွန်ရောဂါတို့ကို ထိန်းညှိဆေးအဖြစ် အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအောက်ပိုင်း စိုစွတ်သောဒေသများတွင် သဘာဝအလျောက်ပေါက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အမြစ်။

**အပင်ပုံသဏ္ဌာန်**

အပင်။ ။ပင်ပျော့ပင်ငယ်သက်ပြင်းပင်မျိုးဖြစ်သည်။ မိုတွယ်ရာမရှိသောနေရာများ၌ မြေပေါ်တွင် ဖြန့်တွားပေါက်ရောက်သည်။ အပင်အမြင့် ငါးပေမှ ခြောက်ပေခန့်ရှိ၏။ ပင်စည်သေးသွယ်ပြီး မွဲခြောက်ခြောက်အရောင်ရှိသည်။ အကိုင်းအခက်များ အညိုရောင်ရှိသည်။

အရွက်။ ။ရွက်လွှဲထွက်၏။ လုံသွားပုံသဏ္ဌာန်ရှိ၏။ အလျား ခြောက်လက်မ၊ အနံနှစ်လက်မခန့်ရှိ၏။ ရွက်ထိပ်ချွန်၏။ အပေါ်မျက်နှာပြင်တွင် သေးငယ်သောဆူးကလေးများရှိသည်။ ရွက်ညှာအတောင်ပါရှိသည်။ ရွက်ညှာအရင်းနားတွင် ရွယ်စွယ်အဖက်ကလေးများရှိသည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ လောက်သေပင်သည် လေသလိပ်၊ သည်းခြေကိုနိုင်၏။ အသက်ကို ရှည်စေ၏။ ကာမကိုအားပေး၏။ ရောဂါဖြစ်စေသောပိုးများကိုပယ်တတ်၏။ အဆီကိုတိုးပွားစေ၏။ အူတို့ကို တွန့်ရှုံ့စေတတ်၏။ အဖျားရောဂါကြောင့်ဖြစ်သော လေရောဂါ၊ မြင်းသရိုက်၊ ဖောရောင်ရောဂါ၊ ပန်းနာချောင်းဆိုးရောဂါ၊ ရေငတ်ခြင်းနှင့် အန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။ ❖

အပွင့်။ ။အလွန်သေးငယ်၏။ အနီရောင်သန်းသော အညိုရောင် သို့မဟုတ် မရန်းရောင်ရှိ၏။ နတ်တော်လ၊ ပြာသိုလတို့တွင်ပွင့်၏။

အသီး။ ။သီးတောင့်ဖြစ်သည်။ တစ်လက်မမျှရှည်၍ ပြား၏။ အဆစ် ခြောက်ဆစ်မှ ရှစ်ဆစ်ထိရှိပြီး ပြောင်ချော၏။ သို့မဟုတ် မွေးနုကလေးများရှိသည်။ တပေါင်းလ၊ တန်ခူးလတို့တွင် အသီးရင့်မှည့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ လောက်သေပင်သည် လေသလိပ်၊ သည်းခြေကိုနိုင်၏။ အသက်ကို ရှည်စေ၏။ ကာမကိုအားပေး၏။ ရောဂါဖြစ်စေသောပိုးများကိုပယ်တတ်၏။ အဆီကိုတိုးပွားစေ၏။ အူတို့ကို တွန့်ရှုံ့စေတတ်၏။ အဖျားရောဂါကြောင့်ဖြစ်သော လေရောဂါ၊ မြင်းသရိုက်၊ ဖောရောင်ရောဂါ၊ ပန်းနာချောင်းဆိုးရောဂါ၊ ရေငတ်ခြင်းနှင့် အန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ဆီးတွင် သွေးပါသောရောဂါအတွက် လောက်သေပင်ပဥ္စငါးပါးကို ပြုတ်၍ ရေနွေးကြမ်းသောက်သကဲ့သို့ သောက်သုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။

၂။ ဝမ်းဖောဝမ်းရောင်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ရင်ပြည့်ရင်ကယ်ရောဂါ၊ ကလေးများတွင် သန်ထဝမ်းကိုက်ရောဂါများဖြစ်ပါက လောက်သေရွက်မနုမရင့်ကို ပြုတ်၍ သုပ်စားခြင်း၊ အတို့အမြှုပ်ပြုလုပ်စားခြင်းဖြင့် ရောဂါများသက်သာစေနိုင်သည်။

၃။ အရေပြားယားယံသောရောဂါ၊ အနာစက်ကဲ့သို့ အနာများပေါက်ပါက လောက်သေရွက်ပြုတ်ရည်ဖြင့် ရေချိုးပေးခြင်း၊ ပြုတ်ရည်ကို ရေနွေးကြမ်းသောက်သကဲ့သို့ သောက်သုံးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။

၄။ ဆီးနည်းလျှင် လောက်သေရွက်ကို ဆန်ဆေးရည်တွင်စိမ်ပြီး သောက်သုံးပါက ဆီးများစေနိုင်သည်။ လောက်သေပင်၏အမြစ်ကိုသွေးပြီး ဆန်ဆေးရည်နှင့် ရောသောက်ပါကလည်း ဆီးရွှင်စေနိုင်သည်။

၅။ လိပ်ခေါင်းသွေးကျခြင်း၊ သွေးဝမ်းသွားခြင်း၊ မီးယပ်သွေးလွန်ခြင်းတို့ဖြစ်ပါက လောက်သေရွက်ကို ထားဝယ်မှိုင်းရွက်နှင့်ရော၍ ရေနွေးဖြော၍ အသုပ်ပြုလုပ်စားပါ။ ရောဂါများ သက်သာပျောက်ကင်းစေနိုင်ပါသည်။

၆။ ဦးခေါင်းတွင် ဖောက်ထခြင်း၊ သန်းများကြောင့် ယားယံခြင်း၊ ခေါင်းပူခေါင်းကိုက်ခြင်းများဖြစ်ပါက လောက်သေရွက်ကို စံကားစိမ်းပွင့်ခြောက်နှင့်ရောပြီး ဆီစိမ်ထားကာ ဦးခေါင်းတွင် လိမ်းပေးပါ။ ဖောက်ထ၊ သန်းပေါ၊ ယားယံခြင်းများ ပျောက်ကင်း၍ ဦးခေါင်းကိုပေါ့ပါးစေသည်။

၇။ နားပြည်ယို၊ နားကိုက်၊ နားအူခြင်း၊ နားယားခြင်းများဖြစ်လျှင် လောက်သေရွက်ခြောက်၊ ဖလံတောင်ဝှေးရွက်ခြောက်တို့ကို ဆတူအမှုန့်ပြု၍ အုန်းဆီနှင့်ဖျော်ပြီး နေပူပူတွင်လှန်း၍ အပေါ်ဆီအကြည်ကို




နားတွင်းသို့ အစက်ချပေးခြင်း၊ နားကျပ်ပေးခြင်းများပြုလုပ်ပါက နားပြည်ယို၊ နားကိုက်ရောဂါများ ပျောက်ကင်း၍ နားတွင်းရှိပိုးများကို သေစေသည်။ နားတွင် ပိုးကောင်ဝင်ပါကလည်း ဤဆီကို ထည့်ပေးနိုင်သည်။

၈။ လောက်သေရွက်ခြောက်ကို မုန်ညင်းဆီဖြင့်ရောချက်ပြီး လိမ်းပေးပါက ကလေးများကိုယ်ပူချွဲထအညှော်ဝင်၊ အအေးပတ်၊ နှာစေးနှာပိတ်ရောဂါများ သက်သာပျောက်ကင်းစေနိုင်သည်။

၉။ မိခင်များ နို့ချောင်းပိတ်လျှင် လောက်သေရွက်နှင့် နနွင်းရိုးရိုးကိုရော၍ထောင်းပြီး လိမ်းအုံးပေးပါက နို့ချောင်းပိတ်သက်သာစေနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၂၃၅ ဧက စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၇၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲဧက ၇၂၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလစတုတ္ထပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးမြေပဲဧက ၇၂၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ မိုးမြေပဲတွေကို ဒီနှစ် မေလ စတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့တယ်။ အခု ၇၂၃၅ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးမြေပဲစိုက်ပျိုးမှုက လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့တယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မိုးမြေပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးမြေပဲဧက ၇၂၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိစိုက်ပျိုးခဲ့ရာ ၁၄၂၁၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးမြေပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP စနစ်ဖြင့်စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျွန်းလှမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းမြေပဲ ၁၃၈၉၆ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# သံတွဲမြို့နယ် မြို့ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဇက်တင်ဘာ ၂၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ကွင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြို့ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၅၆၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုမြည်**

## ရွှေဂန္ထဝင်

\- ရာဇဝင် သုခုမတွေနဲ့
ကျော်ကြားလှတဲ့ တို့မြန်မာ၊
ရိုးရာအမွေ ဂုဏ်ရှိန်တောက်လို့
ဖြိုးမောက်ခဲ့တာ၊
စာပေဂီတ တေးထံတျာ
အနုပညာ အံ့မခန်း၊
မသွေအမှန်
အခြေခံ ယဉ်ကျေးမှုဖြင့်
ထုဆစ်လျှောက်လှမ်း။

\- မဟာဆန်ဆန် တစ်ခေတ်စမ်း
နှစ်တမ်းက ကြာရှည်ပြီ၊
ကာရန်လင်္ကာ အနုအလှတွေက
ရွှန်းမြဝေစည်၊
နန်းထိုက်လို့ တောက်ကြွားသည်
မြန်မာ့ဂုဏ်ရည် ပွဲလယ်တင့်၊
အကျိုးများပေ
ဘိုးဘွားအမွေ စာပေပန်းတို့က
လန်းဆန်းဂုဏ်ဝင့်။

\- မြတ်စာပေ ငွားငွားစွင့်စွင့်နဲ့
ဖူးပွင့်ခဲ့ အမှန်ပင်၊
အနှစ်မပြယ် ရောင်ရှိန်လက်လို့
တိုးတက်အစဉ်၊
ခေတ်အဆက်ဆက် မျိုးဂုဏ်အင်
ဂန္ထဝင် စံတင်ကြ၊
မွေးရှာသကို
ရှေးစာဆို ဂုဏ်ကျေးဇူးများက
ထူးမြတ်ပေစွ။

\- သမိုင်းမှာ အဖူးအညွန့်လှတွေနဲ့
ထွန်းပခဲ့ စာပေအရောင်၊
လင်္ကာသီ ဂန္ထဝင်တေးတို့ဖြင့်
မွေးပျံ့ဂုဏ်ဆောင်၊
"ပကတူး"မှ ပု ပင်း အင်း တောင်
ညောင်ရမ်း ကုန်းဘောင် ဝေစည်ဖြိုး၊
စံတော်ဝင်
ဉာဏ်မြော်မြင် အရေးအသားတို့က
ကြီးမားတန်ခိုး။

\- ရွှေဂန္ထဝင် အလှတိုးအောင်ပ
ရွယ်ကိုးလို့ စောင့်ရှောက်လေ၊
တို့ရိုးရာ တို့သွေးသက်
မျိုးဆက်ဂုဏ်တွေ၊
တို့ဘိုးဘွား မြတ်အမွေ
မျိုးစာပေ တည်တံ့ရေး၊
ကောင်းအောင်ထူ
နှောင်းနောင်လူ အားသွန်ကြိုးလျက်
တန်ဖိုးမြှင့်ပေး။ ။

**မောင်ရင်အေး(ပတ္တမြားမြေ)**

ပကတူး = ရှေးကနဦးအစ
ပု ပင်း အင်း တောင် = ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ




# ရုရှားသမ္မတပူတင် ဝဂ္ဂနာထိပ်တန်းတပ်မှူး အန်ဒရီထရိုရှက်ပ်နှင့် တွေ့ဆုံဆွေးနွေး

**မော်စကို အောက်တိုဘာ ၂၉**

ရုရှားသမ္မတပူတင်သည် ဝဂ္ဂနာပုဂ္ဂလိက လက်နက်ကိုင်အုပ်စု၏ အဆင့်အမြင့်ဆုံးတပ်မှူး အန်ဒရီထရိုရှက်ဗ်နှင့် စက်တင်ဘာ ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

ထိုသို့တွေ့ဆုံစဉ် သမ္မတပူတင်နှင့် အန်ဒရီထရိုရှက်ဗ်တို့သည် ယူကရိန်းစစ်မြေပြင်၌ အပျော်တမ်းတပ်ဖွဲ့ဝင်များ စစ်ရေးတာဝန်များ မည်သို့ရယူနိုင်မည်ကို ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။


သမ္မတပူတင်နှင့် ထရိုရှက်ဗ်တို့ တွေ့ဆုံဆွေးနွေးရာတွင် ရုရှားဒုတိယကာကွယ်ရေးဝန်ကြီးယူနက်စ်ဘက်ခ်ယက်ဗ်ကူရောဗ်လည်းပါဝင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဩဂုတ် ၂၃ ရက်တွင် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရပြီးနောက် ဝဂ္ဂနာအုပ်စု၏ အခြေအနေကို တိတိကျကျမသိရသေးကြောင်း သိရသည်။

ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင် သေဆုံးပြီးနောက် ရုရှားသမ္မတပူတင်သည် ရုရှားနိုင်ငံအပေါ် သစ္စာခံကြောင်း ကျမ်းကျိန်လွှာများကို လက်မှတ်ထိုးရန်အတွက် ဝဂ္ဂနာအဖွဲ့ဝင်များကို ညွှန်ကြားခဲ့သည်။

ဝဂ္ဂနာအုပ်စုသည် ရုရှားနိုင်ငံ၏ ယူကရိန်း အထူးစစ်ဆင်ရေးများ၌ အဓိကနေရာတွင် ပါဝင်ခဲ့သော ပုဂ္ဂလိက လက်နက်ကိုင်အုပ်စုဖြစ်ကြောင်း သိရသည်။

**Ref : Tass**
**Trs : KKO**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မှု (၇၄)နှစ်မြောက်အခမ်းအနား အကြိုညစာစားပွဲ၌ သမ္မတရှီကျင့်ဖျင် မိန့်ခွန်းပြောကြား




**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်မှု(၇၄)နှစ်မြောက်အခမ်းအနားအကြိုအဖြစ် စက်တင်ဘာ ၂၈ ရက်တွင် ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ ကျင်းပခဲ့သော ညစာစားပွဲတွင် အစဦးအလာမှ သွေဖယ်၍ သမ္မတ ရှီကျင့်ဖျင် ကိုယ်တိုင် မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

ရှေးယခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မှု နှစ်ပတ်လည်အခမ်းအနားအကြိုညစာစားပွဲများတွင် သာမန်အားဖြင့် တရုတ်ဝန်ကြီးချုပ်များကသာ မိန့်ခွန်းပြောလေ့ရှိသည်။

သို့သော် စက်တင်ဘာ ၂၈ ရက် ကျင်းပခဲ့သည့် ညစာစားပွဲတွင် သမ္မတရှီကျင့်ဖျင်ကိုယ်တိုင် မိန့်ခွန်းပြောခဲ့ပြီး သွေးစည်းညီညွတ်ကြရန်အတွက် တိုင်းပြည်ကို တိုက်တွန်းခဲ့သည်။

၂၀၁၃ ခုနှစ် မတ်လမှစ၍ တရုတ်သမ္မတရာထူး ရယူခဲ့သော ရှီကျင့်ဖျင်သည် ယခင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်မှု နှစ်ပတ်လည်အခမ်းအနား ညစာစားပွဲမိန့်ခွန်းကို နှစ်ကြိမ်ဝင်ပြောခဲ့ဖူးပြီး ကျန်နှစ်ပတ်လည် အခမ်းအနားများတွင်မူ ဝန်ကြီးချုပ်များကသာ မိန့်ခွန်းပြောကြားခဲ့ကြကြောင်း သိရသည်။

စက်တင်ဘာ ၂၈ မိန့်ခွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်မှုနှစ်ပတ်လည်အခမ်းအနား ညစာစားပွဲများ၌ ပြောကြားခဲ့သည့် တတိယမြောက်မိန့်ခွန်းဖြစ်ကြောင်း သိရသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတည်ထောင်မှု နှစ်ပတ်လည်အခမ်းအနား အကြိုညစာစားပွဲပထမဆုံး မိန့်ခွန်းကို သမ္မတရှီကျင့်ဖျင်က ၂၀၁၄ ခုနှစ်တွင်ပြောကြားခဲ့ဖူးပြီး ဒုတိယမိန့်ခွန်းကို ၂၀၁၉ခုနှစ်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# စင်ကာပူနိုင်ငံ၏လူဦးရေ တစ်နှစ်အတွင်း ငါးရာခိုင်နှုန်းထိတိုးလာ

**စင်ကာပူ အောက်တိုဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကပ်ဘေးအလွန်ကာလ၌ ပြည်ပအလုပ်သမားများ ပြန်လည်ဝင်ရောက်လာမှုကြောင့်စင်ကာပူနိုင်ငံ၏လူဦးရေမှာ တစ်နှစ်အတွင်း ငါးရာခိုင်နှုန်း တိုးလာကြောင်း ယနေ့တွင် ပေါ်ထွက်လာသည့် အစိုးရ စာရင်းဇယားများအရ သိရသည်။

ယခုနှစ်ဇွန်လထိ ကောက်ခံရရှိသည့်စာရင်းများအရစင်ကာပူနိုင်ငံ၏လူဦးရေမှာ ၅ ဒသမ ၉ သန်းထိ ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်ဇွန်လကထက် ငါးရာခိုင်နှုန်း တိုးလာခဲ့ရကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ၂၀၂၂ ခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံ၏ လူဦးရေစုစုပေါင်းမှာ ၅ ဒသမ ၆ သန်းထိရှိခဲ့ကြောင်း သိရသည်။

လက်ရှိစင်ကာပူလူဦးရေ ၅ဒသမ ၉ သန်းအနက် ၆၁ ရာခိုင်နှုန်းမှာ စင်ကာပူနိုင်ငံသားများ၊ ကိုးရာခိုင်နှုန်းမှာ အမြဲတမ်းနေထိုင်သူများနှင့် ၃၀ရာခိုင်နှုန်းမှာ ပြည်ပအလုပ်သမားများနှင့် ပြည်ပကျောင်းသားများ ဖြစ်ကြောင်း စင်ကာပူအစိုးရ သတင်းအချက်အလက်များ၌ ဖော်ပြထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ်ဇွန်လမှ ယခုနှစ် ဇွန်လကြားကာလအတွင်း စင်ကာပူနိုင်ငံတွင်းသို့ ပြည်ပအလုပ်သမား ဦးရေ ၂၆၂၀၀၀ထိ ဝင်ရောက်လာမှုကြောင့် စင်ကာပူလူဦးရေမှာ တစ်နှစ်အတွင်း ငါးရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကပ်ဘေးကာလ၌ ပြည်ပအလုပ်သမား ဦးရေ ၄၇၀၀၀ ထွက်ခွာခဲ့သည့် ၂၀၂၀ပြည့်နှစ်တွင် စင်ကာပူနိုင်ငံ၏လူဦးရေသည် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နှစ်ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : The Strait Time**
**Trs : KKO**

# နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့၌ သေနတ်ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

**ရော့တာဒမ် အောက်တိုဘာ ၂၉**

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့၌ စက်တင်ဘာ ၂၈ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် လူပေါင်း သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ သေနတ်သမားသည် ရော့တာဒမ် မြို့တွင်းနေအိမ်တစ်အိမ်၌ အမျိုးသမီးတစ်ဦးနှင့် သမီးဖြစ်သူတို့ကို ပစ်ခတ်ခဲ့ပြီးနောက် ရော့တာဒမ်တက္ကသိုလ် စာသင်ခန်းအတွင်း ဝင်ရောက်၍ ဆရာတစ်ဦးကို ထပ်မံပစ်သတ်ခဲ့ကြောင်း နယ်သာလန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူအမျိုးသားမှာ အသက် ၃၂ နှစ်အရွယ် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး ၎င်းကို ရော့တာဒမ်တက္ကသိုလ်ဆေးရုံအနီး ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါ အမျိုးသားအနေဖြင့် သေနတ်ပစ်ခတ်မှုများ အဘယ်ကြောင့်ကျူးလွန်ခဲ့ရသည်ကို စစ်ဆေးဖော်ထုတ်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း နယ်သာလန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေနတ်သမား၏ပစ်ခတ်တိုက်ခိုက်မှုခံခဲ့ရသူများအနက် အသက် ၁၄နှစ်အရွယ်မိန်းကလေးမှာ ဆေးရုံပေါ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၈ ရက် ပစ်ခတ်မှုကြောင့် ငြိမ်းချမ်းသည့်မြို့တစ်မြို့ဖြစ်သည့် ရော့တာဒမ်မြို့မှပြည်သူများ အထိတ်တလန့်ဖြစ်ခဲ့ကြရကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# ပါကစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား အနည်းဆုံး ၅၂ ဦးသေဆုံး၍ ၅၈ ဦးဒဏ်ရာရရှိ

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၂၉**



ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ယနေ့တွင် ဘာသာရေးပွဲတော်တစ်ခု ကျင်းပနေစဉ် အသေခံဗုံးခွဲသမားတစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၅၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ယနေ့ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် အနည်းဆုံး လူပေါင်း ၅၈ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း ဘလူချီစတန်ပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဘလူချီစတန်ပြည်နယ် ဘာသာရေးအခမ်းအနား ဗုံးခွဲတိုက်ခိုက်မှုအတွက် တာဝန်ရှိကြောင်း မည်သည့်အုပ်စုကမျှ ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် အဆိုပါဗုံးခွဲတိုက်ခိုက်မှုကြောင့် အမျိုးသားရွေးကောက်ပွဲများ မကျင်းပမီကာလတွင် ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဖိအားပိုလာနိုင်သည်။

ပါကစ္စတန်နိုင်ငံသည် အမျိုးသားလွှတ်တော်ကို ဩဂုတ်လအတွင်း ဖျက်သိမ်းခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပရန် စီစဉ်ထားသည်။

အာဖဂန်နစ္စတန် နိုင်ငံနှင့် နယ်မြေချင်းထိစပ်နေသောဘလူချီစတန်နိုင်ငံသည် အစ္စလာမ်မစ်စစ်သွေးကြွများကြောင့်မငြိမ်မသက်ဖြစ်နေသော ပါကစ္စတန်နယ်စပ်ဒေသဖြစ်ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## LUSEE-Night နည်းပညာစမ်းသပ် ရေဒီယိုတယ်လီစကုပ်ကို လကမ္ဘာအမှောင်ဘက်ခြမ်းသို့လွှတ်တင်ရန် နာဆာ စီစဉ်ထား



**ဝါရှင်တန် အောက်တိုဘာ ၂၉**

စကြဝဠာအမှောင်ခေတ်များကို လေ့လာရေးအတွက် LUSEE-Night အမည်ရှိ နည်းပညာစမ်းသပ် ရေဒီယိုတယ်လီစကုပ်တစ်ခုကို လကမ္ဘာအမှောင်ဘက်ခြမ်းသို့လွှတ်တင်ရန် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

LUSEE-Night ရေဒီယိုတယ်လီစကုပ်စီမံကိန်းကို နာဆာ၊ အမေရိကန် စွမ်းအင်ဝန်ကြီးဌာနနှင့် အမေရိကန်တက္ကသိုလ်များ ပူးပေါင်းအကောင်အထည်ဖော်မည်ဖြစ်သည်။

LUSEE-Night ရေဒီယိုတယ်လီစကုပ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၃ ဒသမ ၄ ဘီလီယံကာလက စကြဝဠာအမှောင်ခေတ် ရေဒီယိုလှိုင်းများကို လမျက်နှာပြင်အခြားဘက်ခြမ်းမှတစ်ဆင့် ဖမ်းယူလေ့လာမည်ဖြစ်သည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးကြယ်များနှင့် ကြယ်စုများ ပေါ်ထွက်လာချိန်ကို စကြဝဠာအမှောင်ခေတ်အဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် LUSEE-Night ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လကမ္ဘာအခြားဘက်ခြမ်းရှိ ရှရိုးဒင်းဂျားအမည်ရှိ လွင်ပြင်ဒေသသို့ ဆင်းသက်ပြီးချိန်တွင် အဆိုပါတယ်လီစကုပ်သည် လကမ္ဘာ နေ့ပိုင်းကာလများ၌ စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

## တရုတ်နိုင်ငံ၏ တောက်ချန်းနေလေ့လာရေး ရေဒီယိုတယ်လီစကုပ်သစ် တည်ဆောက်ရေးလုပ်ငန်း အောင်မြင်စွာအပြီးသတ်ခဲ့

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်နိုင်ငံ၏ တောက်ချန်းနေလေ့လာရေး ရေဒီယိုတယ်လီစကုပ်သစ်တည်ဆောက်ရေးလုပ်ငန်းမှာ စက်တင်ဘာ ၂၇ ရက်က အောင်မြင်စွာ အပြီးသတ်ခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

ကမ္ဘာ့အကြီးဆုံး နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်အုပ်စုဖြစ်သည့် တောက်ချန်းရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို တရုတ်သိပ္ပံ အကယ်ဒမီက စီချွမ်းပြည်နယ် တောက်ချန်းခရိုင်၌ တည်ဆောက်ထားခြင်းဖြစ်သည်။

တောက်ချန်းရေဒီယိုတယ်လီစကုပ်စနစ်တွင် ရေဒီယိုအင်တာနာဗန်းပေါင်း ၃၁၃ ခုကို စက်ဝိုင်းပုံသဏ္ဌာန်အတိုင်း နေရာချတည်ဆောက်ထားသည်။

တောက်ချန်း နေလေ့လာရေး ရေဒီယိုတယ်လီစကုပ် ကွန်ရက်သည် နေမျက်နှာပြင်ပေါက်ကွဲမှုများနှင့် ကြယ်တာရာဟင်းလင်းပြင်တွင်းသို့ နေစွမ်းအင်အမှုန်များ ဝင်ရောက်မှုဖြစ်စဉ်တို့ကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် အဆိုပါရေဒီယိုတယ်လီစကုပ်ကွန်ရက်သည် ကမ္ဘာမြေအပေါ် နေမျက်နှာပြင်လှုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုများကို တွက်ဆခန့်မှန်းနိုင်ရေးကိုလည်း ကူညီနိုင်မည်ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

တောက်ချန်းနေလေ့လာရေး ရေဒီယိုတယ်လီစကုပ် ကွန်ရက်သည် အခြားမြေပြင်အခြေစိုက် တရုတ် ရေဒီယိုတယ်လီစကုပ် ကွန်ရက်များနှင့်လည်း ချိတ်ဆက်ပြီး စူးစမ်းလေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**Ref : China Daily**
**Trs : KKO**

## ဆိုက်ခီအာကာသယာဉ်ကို အောက်တိုဘာ ၅ ရက်တွင် လွှတ်တင်ရေး နာဆာပြင်ဆင်နေ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

ဆိုက်ခီအမည်ရှိ အာကာသယာဉ်ကို အောက်တိုဘာ ၅ ရက်တွင် လွှတ်တင်ရေးအတွက် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ပြင်ဆင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ဆိုက်ခီအာကာသယာဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန် ဟဲဗီးဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

စီစဉ်ထားသည့်အတိုင်း လွှတ်တင်ဖြစ်ခဲ့ပါက ဆိုက်ခီအာကာသယာဉ်သည် ၁၆ ဆိုက်ခီအမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းသို့ ပျံသန်းထွက်ခွာမည်ဖြစ်သည်။

အချင်းအစားအားဖြင့် အချင်းမိုင် ၂၂၀ ရှိသော ၁၆ ဆိုက်ခီဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်း တည်ရှိသည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

ဆိုက်ခီအာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ၁၆ ဆိုက်ခီဂြိုဟ်သိမ်သို့ ရောက်ရှိမည်ဖြစ်ပြီး ဂြိုဟ်သိမ်၏ သတ္တုဖွဲ့စည်းမှုအမျိုးအစားကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက ဆိုက်ခီအာကာသယာဉ်ကို ၂၀၂၂ ခုနှစ်အတွင်း လွှတ်တင်ရန်ရည်ရွယ်ထားသော်လည်း ပျံသန်းမှုစနစ်ကွန်ပျူတာဆော့ဖ်ဝဲလ်ပြဿနာများကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ကာလရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO`**

# H E A L T H

## ကိုယ်အလေးချိန်တိုးလာမှုကို ရှောင်ရှားခြင်းဖြင့် အဝလွန်သူများ ကျောက်ကပ်ရောဂါကိုကာကွယ်နိုင်

**နယူးယောက် အောက်တိုဘာ ၂၉**

ရှပ်ပိုင်းအရ ကျန်းမာကြံ့ခိုင်မှုနှင့် ကိုယ်အလေးချိန်တိုးလာမှုကို ရှောင်ရှားခြင်းဖြင့် အဝလွန်သူများ ကျောက်ကပ်ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုယ်အလေးချိန် လွန်ကဲနေသူနှင့်အဝလွန်သူ ၁၂၀၈ ဦးတို့ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကိုယ်အလေးချိန် ထပ်တိုးလာမှုသည် နာတာရှည် ကျောက်ကပ်ရောဂါများ ဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသည်ဟု သုတေသနပညာရှင်များက အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အဝလွန်သူ၊ ကိုယ်အလေးချိန်လွန်ကဲနေသူများတွင် ကိုယ်အလေးချိန် ငါးကီလိုဂရမ် ထပ်တိုးလာတိုင်း နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေလည်း ၁ ဒသမ ၃၄ ဆ မြင့်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ရှပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်သည့် အဝလွန်သူ၊ ကိုယ်အလေးချိန် လွန်ကဲသူများတွင်မူ နာတာရှည်ကျောက်ကပ်ရောဂါ ဖြစ်နိုင်ခြေ ပုံမှန်ထက် ပိုနည်းပါးကြောင်း သိရသည်။

သို့ဖြစ်ရာ အဝလွန်သူများ အနေဖြင့် ကျောက်ကပ်ရောဂါကို ကာကွယ်ရာတွင် ရှပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုနှင့် ကိုယ်အလေးချိန်ထပ်တိုးလာမှုကို ရှောင်ရှားရန် လိုသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**

## သုက်ရည်ဂလင်းအိတ်ကင်ဆာကို ဖော်ထုတ်ပေးနိုင်သော သွေးစစ်နည်းတစ်မျိုး ဗြိတိန်နိုင်ငံ၌ စတင်သုံးစွဲနေ

**လန်ဒန် အောက်တိုဘာ ၂၉**

သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါဖြစ်စဉ်များကို ၉၀ ရာခိုင်နှုန်းကျော်ထိ တိကျစွာဖော်ထုတ်ပေးနိုင်သော သွေးစစ်နည်းတစ်မျိုးကို ဗြိတိန်နိုင်ငံ၌ စတင်သုံးစွဲနေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် သုက်ရည်ဂလင်းအိတ်ကင်ဆာ ရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် လက်ရှိသုံးစွဲနေသည့် ဆေးစစ်နည်းများမှာ တိကျမှု ၅၅ ရာခိုင်နှုန်းရှိသည်။

သို့ရာတွင် PSE အမည်ရှိ သွေးစစ်နည်းတစ်မျိုးသည် သုက်ရည်ဂလင်းအိတ်ကင်ဆာဖြစ်စဉ်များကို ၉၄ ရာခိုင်နှုန်းထိ တိကျစွာ ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

PSE သွေးစစ်နည်းသည် သွေးအတွင်းရှိ ခုခံအားစနစ်ဆဲလ်များအတွင်း အပြောင်းအလဲများပေါ်ထွက်မှုကို ထောက်လှမ်းပေးခြင်းဖြင့် သုက်ရည်ဂလင်းအိတ်ကင်ဆာကို ထောက်လှမ်းပေးနိုင်သည်။

အဆိုပါ သွေးစစ်နည်းကို လန်ဒန်ဘုရင့်ကောလိပ်အပါအဝင် ဗြိတိန်တက္ကသိုလ်များနှင့် ပူးပေါင်း၍ Oxford Bio Dynamics ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

သုက်ရည်ဂလင်းအိတ်ကင်ဆာသည် အမျိုးသားများ၌ အဖြစ်အများဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်ပြီး အမျိုးသားရှစ်ဦးလျှင်တစ်ဦး ခံစားရတတ်သည့် ရောဂါဖြစ်ကြောင်း သိရသည်။

**Ref : The Daily Mail**
**Trs : KKO**






## အီတလီစီးရီးအေ ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

M L

**ဘိုလော့နာ Vs အမ်ပိုလီ**

**ကစားမည့်ရက်/အချိန် ၁-၁၀-၂၀၂၄ (ညနေ ၀၅း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အမ်ပိုလီ ၃ – ၁ ဘိုလော့နာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘိုလော့နာ** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **အမ်ပိုလီ** | – | **ဝေး(ရှုံး)** | **အိမ်(သရေ)** | **အိမ်(နိုင်)** |

ဘိုလော့နာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာ မွန်ဇာကို သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် အိမ်ကွင်းပွဲစဉ်မှာ ရလဒ်ကောင်းပြန်လည်ရှာဖွေရမှာဖြစ်ပါတယ်။ အမ်ပိုလီကတော့ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရခဲ့တာကြောင့် အခုရာသီ ပထမဆုံးနိုင်ပွဲရှာနိုင်ခဲ့ပေမဲ့ ဘိုလော့နာလို ကစားအားကောင်းနေတဲ့အသင်းကိုတော့ အဝေးကွင်းမှာ ပွဲချိန်ပြည့်ယှဉ်ပြိုင်နိုင်ဖို့ ခက်ခဲမှာပါ။ ဒါကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ ဘိုလော့နာကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုလော့နာ ၁ – ၀ အမ်ပိုလီ**

**အူဒီးနီးစ် Vs ဂျီနိုအာ**

**ကစားမည့်ရက်/အချိန် ၁-၁၀-၂၀၂၄ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီနိုအာ ၀ – ၀ အူဒီးနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အူဒီးနီးစ်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |
| **ဂျီနိုအာ** | – | **အိမ်(သရေ)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

အခုရာသီမှာ နိုင်ပွဲပျောက်ဆုံးနေတဲ့ အူဒီးနီးစ်ဟာ ခံစစ်ကစားပုံကောင်းပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်တွေကြောင့် ရလဒ်ပိုင်းဆိုးရွားနေပြီး အခုအိမ်ကွင်းမှာတော့ နိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမှာပါ။ ဂျီနိုအာအသင်းကတော့ ရိုးမားကို ဂိုးပြတ်အနိုင်ရခဲ့လို့ စိတ်ဓာတ်ပိုင်းမြင့်တက်နေပေမဲ့ အူဒီးနီးစ်အသင်းဖောင်ဖျက်ကစားမယ်ဆိုရင် ပွဲချိန်ပြည့်တားဆီးနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာဖွေရမဲ့ အူဒီးနီးစ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အူဒီးနီးစ် ၂ – ၁ ဂျီနိုအာ**

**ရိုးမား Vs ဖရီစီဝမ်း**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၄ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရိုးမား ၄ – ၁ ဖရီစီဝမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရိုးမား** | – | **ဝေး(နိုင်)** | **ဝေး(သရေ)** | **ဝေး(ရှုံး)** |
| **ဖရီစီဝမ်း** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(သရေ)** |

ရိုးမားအသင်းဟာ ဂျီနိုအာကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ တိုက်စစ်မြှင့်ပြီး ပြန်လည်ပေါက်ကွဲလာမှာသေချာပါတယ်။ ဖရီစီဝမ်းကတော့ နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက်မှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းတွေကိုတောင် သရေရလဒ်သာကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ ဖိအားအောက်က ရုန်းထွက်ပြီး နိုင်ပွဲရယူမဲ့ ရိုးမားအသင်းအနိုင်သေချာပါတယ်။

**အင်တာနက်ခန့်မှန်း – ရိုးမား ၃ – ၁ ဖရီစီဝမ်း**

## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်အဖွဲ့ချုပ်နှင့် EFL အဖွဲ့ချုပ်တို့ပူးပေါင်း၍ လာမည့် ၂၀၂၈ ခုနှစ်မှစတင်ကာ ရုပ်သံထုတ်လွှင့်ခွင့်များရောင်းချရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- မာဆေးအသင်းအနေဖြင့် ဆော်ဒီသူဌေးကို အသင်းရှယ်ယာများရောင်းချသွားပါက နည်းပြဒီဇာဘီကို အသင်းအား တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ML

## ဂနာဘရီ၏လက်ဖျံဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်



**ဘာလင် စက်တင်ဘာ ၂၉**

ဂျာမန်ပိုကယ်ဖလားပွဲစဉ်အဖြစ် မန်စတာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်း တောင်ပံကစားသမား ဂနာဘရီသည် ပွဲကစားချိန် ၁၁ မိနစ်တွင် လက်ဖျံဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကစားခဲ့သည့် မန်စတာအသင်းနှင့်ပိုကယ်ဖလားပွဲစဉ်တွင် ဂနာဘရီသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ပွဲကစားချိန် ၁၁ မိနစ်အရောက်တွင် မန်စတာအသင်းဂိုးသမား ဂျိုဟန်နက်စ်နှင့် ထိခိုက်မိခဲ့ရာ လက်ဖျံဒဏ်ရာရရှိခဲ့သဖြင့် လူစားလဲ ထွက်ခွာခဲ့ရပြီးနောက် ယနေ့တွင် ဒဏ်ရာကို စကန်ဖတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ဒဏ်ရာခွဲစိတ်ကုသမှုခံယူပါက ရက်သတ္တပတ်များစွာ အနားယူရမည် ဖြစ်သောကြောင့် လာမည့် လိုက်ပ်ဇစ်အသင်းနှင့်ပွဲစဉ်အပါအဝင် အောက်တိုဘာ ၄ ရက်တွင်ကစားရမည့် ကိုပင်ဟေဂင်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ပြီး အောက်တိုဘာလကုန်မှသာ အသင်းနှင့် ပူးပေါင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

တောင်ပံကစားသမား ဂနာဘရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်ခဲ့ပြီး ပြိုင်ပွဲစုံတွင် သွင်းဂိုး ၁၆ ဂိုးထိ သွင်းယူကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းပျောက်ဆုံးနေသဖြင့် ပြိုင်ပွဲစုံတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီးနောက် လက်ရှိတွင်ဒဏ်ရာပြဿနာကြောင့် အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

**Ref : Besoccer.com**
**Trs : ML**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အမြတ်ငွေယူရှိ ၃၀၄ သန်းထိရှိခဲ့ကြောင်း ဘာစီလိုနာအသင်းထုတ်ပြန်

**ဘာစီလိုနာ စက်တင်ဘာ ၂၉**

ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ရုန်းကန်နေရသည့် ဘာစီလိုနာအသင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် အခွန်အခများ ပေးဆောင်ပြီးနောက် အသင်းအနေဖြင့် အမြတ်ငွေ ယူရှိ ၃၀၄ သန်းထိရရှိခဲ့ကြောင်း အသင်းဥက္ကဋ္ဌ လာပေါ်တာက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က လာလီဂါ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကဏ္ဍအသီးသီးမှဝင်ငွေစုစုပေါင်း ယူရို ၁ ဒသမ ၂၅၉ ဘီလီယံ ရရှိခဲ့ကာ အသုံးစရိတ်စုစုပေါင်း ၁ ဒသမ ၁၅၉ ဘီလီယံထိ ရှိခဲ့သော်လည်း ဘဏ္ဍာနှစ်ပိတ်သိမ်းချိန်တွင် အမြတ်ငွေယူရှိ ၃၀၄ သန်းထိ ရရှိခဲ့သောကြောင့် မျှော်မှန်းထားသည်ထက်ပိုများခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ်က Sportify၊ Bimbo၊ Whitebit၊ ScotiaBand နှင့် Stanley စသည့်စပွန်ဆာစာချုပ်များချုပ်ဆိုခဲ့ရာ ဝင်ငွေယူရိုသန်း ၂၀၀ နှင့်ဘာစီလိုနာအသင်းအရောင်းဆိုင်များမှ ဝင်ငွေယူရိုသန်း ၁၀၀၊ အမျိုးသား ဘောလုံးပွဲစဉ်များမှ ကွင်းဝင်ကြေး ယူရို ၁၂၀ သန်း စသည်တို့မှ ဝင်ငွေအသီးသီးရရှိခဲ့သောကြောင့် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကထက် ဝင်ငွေရရှိမှု ၄၃ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကလပ်အသင်းအနေဖြင့် ကြွေးမြီသန်း ၆၈၀ မှ ၅၅၂ သန်းထိ လျှော့ချမှုပြုလုပ်နိုင်ခဲ့ပြီးနောက်လာမည့်ဘဏ္ဍာနှစ်တွင် ကဏ္ဍအသီးသီးမှ ဝင်ငွေရရှိမှုများတိုးလာမည်ဖြစ်သောကြောင့် အကျိုးအမြတ်ပိုမိုရရှိလာနိုင်ကြောင်း ဥက္ကဋ္ဌ လာပေါ်တာက ခန့်မှန်းထားသည်။

**Ref : Barcablaugranes**
**Trs : ML**

## ဂျီနိုအာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ရိုးမားအသင်းက နည်းပြအပြောင်းအလဲပြုလုပ်ရန် ပြင်ဆင်နေ

**ရောမ စက်တင်ဘာ ၂၉**

ရိုးမားအသင်းတာဝန်ရှိသူများက ဂျီနိုအာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် လက်ရှိနည်းပြမော်ရင်ဟိုကို ထုတ်ပယ်ပြီး နည်းပြအပြောင်းအလဲပြုလုပ်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၆၀ ရှိ နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ရိုးမားအသင်းနည်းပြအဖြစ်ခန့်အပ်ခံခဲ့ရပြီး ပထမဆုံးဘောလုံးရာသီက ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ယူရိုပါလိဂ်ပြိုင်ပွဲတွင်ဗိုလ်လုပွဲစဉ်ထိ တက်ရောက်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေခဲ့သည့်အတွက် ဖိအားများနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

ရိုးမားအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခြောက်ပွဲကစားခဲ့ရာ အမ်ပိုလီအသင်းတစ်သင်းတည်းကိုသာအနိုင်ရရှိခဲ့ပြီး ဆလာနီတာနာအသင်းနှင့် တိုရီနိုအသင်းတို့ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဗီရိုနာအသင်း၊ အေစီမီလန်အသင်းနှင့် ဂျီနိုအာအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက် ရိုးမားအသင်းတာဝန်ရှိသူများကလည်း နည်းပြအပြောင်းအလဲပြုလုပ်ရန်အတွက် စတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။



နည်းပြမော်ရင်ဟိုက "ဂျီနိုအာအသင်းနဲ့ပွဲစဉ်က ကျွန်တော်တာဝန်ယူတဲ့ကာလမှာ အဆိုးရွားဆုံးပွဲပါ။ အခုချိန် အသင်းရလဒ်ပိုင်းတွေကလဲ စိတ်ကျေနပ်ဖို့မကောင်းတာအမှန်ပါပဲ။ ဒါပေမဲ့ ရိုးမားအသင်းသမိုင်းတစ်လျှောက်မှာ ကျွန်တော်အသင်းကိုမလာခင် နှစ်နှစ်ဆက်ဥရောပအဆင့်ပြိုင်ပွဲတွေမှာဗိုလ်လုပွဲမတက်ဖူးပါဘူး။ ဒါကလဲ အမှန်တရားပါပဲ" ဟု ပြောကြားခဲ့သည်။

လက်ရှိ ရိုးမားအသင်းနှင့် မော်ရင်ဟိုတို့ စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည် ဖြစ်သည့်အတွက် ရိုးမားအသင်း တာဝန်ရှိသူများက နည်းပြမော်ရင်ဟိုကို မထုတ်ပယ်ဖြစ်ပါကလည်း သက်တမ်းတိုးစာချုပ် မချုပ်ဆိုရန်အတွက် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : Mirror**
**Trs : STA**

# စီရော်နယ်ဒိုက လက်ကျန်လစာမပေးနိုင်သည့် ဂျူဗင်တပ်အသင်းကို တရားစွဲဆိုခဲ့မှုအား အောက်တိုဘာ ၄ ရက်တွင် တူရင်တရားရုံးဆုံးဖြတ်ပေးသွားမည်



**ရောမ စက်တင်ဘာ ၂၉**

အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုက လက်ကျန်လုပ်ခလစာမပေးချေသည့်အတွက် အသင်းဟောင်းဂျူဗင်တပ်အသင်းကို တူရင်တရားရုံးတွင် တရားစွဲဆိုမှုပြုလုပ်ထားခဲ့ရာ တရားရုံးက အောက်တိုဘာ ၄ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၁၈ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းတွင် လေးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် အသင်းဟောင်းမန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ဂျူဗင်တပ်အသင်းတွင် ကစားခဲ့သည့်ကာလအတွင်း အသင်းထံမှ လုပ်ခလစာ စတာလင်ပေါင် ၁၇ သန်းရရှိရန်ကျန်ရှိနေသောကြောင့် အစောပိုင်းက ဂျူဗင်တပ်အသင်းထံ ပေးချေရန်အတွက် တောင်းဆိုခဲ့သော်လည်း ဂျူဗင်တပ်အသင်းက အကြောင်းပြန်ခြင်းမရှိသည့်အတွက် စီရော်နယ်ဒိုက ၎င်း၏ ရှေ့နေအဖွဲ့များဖြင့် တူရင်တရားရုံးတွင် ဂျူဗင်တပ်အသင်းကို တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်မှစတင်ပြီး ကိုဗစ်ကာလအတွင်း အသင်းဝင်ငွေလျော့နည်းနေချိန်တွင် ကစားသမားများကို မြင့်မားသည့်လုပ်ခလစာများ ပေးချေနေရသည့်အတွက် အသင်းဘဏ္ဍာရေးစည်းမျဉ်းနှင့်ညီစွမ်းနိုင်သည့်အခြေအနေများကြောင့် ကစားသမားများကို လုပ်ခလစာပေးချေရာတွင် တရားမဝင်နည်းလမ်းများဖြင့် ပေးချေခဲ့သည့်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ရမှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။

Ref : Footballitalia

Trs : STA

# Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ဥရောပအသင်းက အမေရိကန်အသင်းကို ရမှတ်ပြတ်ဖြင့်ဦးဆောင်




**ရိုးမား စက်တင်ဘာ ၂၉**

အီတလီနိုင်ငံ ရိုးမားမြို့တွင် ကျင်းပနေသည့် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲ အဖွင့်နေ့ Moring Foursomes Session အပြီးတွင် ဥရောပအသင်းက အမေရိကန်အသင်းကို ရမှတ်(၄-၀) ဖြင့် ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပအသင်းအတွက် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက အကောင်းဆုံးလက်စွမ်းပြသွားခဲ့ပြီး ဥရောပအသင်းက ဥရောပမြေတွင် ပြိုင်ပွဲကျင်းပသည့်နှစ်၃၀ ရှုံးနိမ့်ဖူးခြင်းမရှိသေးသည့်မှတ်တမ်းကောင်းကို ထိန်းသိမ်းနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည်။

ပထမပွဲစဉ်အဖြစ် ဥရောပအသင်းက စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားတိုင်ရယ်ဟက်တန်တို့တွဲ၍ အမေရိကန်အသင်းမှ စကော့တီရှက်ဖလာ၊ ဆမ်ဘန်းတို့အတွဲဖြင့်ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဂျွန်ရမ်းတို့အတွဲက (၄-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် ဥရောပအသင်းမှ နော်ဝေဂေါက်သီးရိုက်ကစားသမား ဗစ်တာဟိုဗ်လန်းနှင့် ဆွီဒင်ဂေါက်သီးရိုက် ကစားသမား လုဒ်ဗစ်တို့က အမေရိကန်အသင်းမှ မက်ဟိုမာနှင့် ဟားမန်းတို့အတွဲကို (၄-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဥရောပအသင်းက ရမှတ်(၄-၀) ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဂျွန်ရမ်း၊ တိုင်ရယ်ဟက်တန်တို့အတွဲနှင့် စကော့တီရှက်ဖလာ၊ ဆမ်ဘန်းတို့အတွဲ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် စကော့တီရှက်ဖလာတို့အတွဲက တောက်လျှောက်ဦးဆောင်နိုင်ခဲ့သော်လည်း ဂျွန်ရမ်းတို့အတွဲက နောက်မှလိုက်ကစားကာ ရလဒ်ကောင်းများ ဆက်တိုက်ရယူကာ ပွဲဦးထွက် အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Golf Today

Trs : AZL

# Pan Pacific Open တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်ရှုံးနိမ့်ပြီး ဆက်ကာရီနှင့် ပီဂူလာတို့ နိုင်ပွဲကိုယ်စီရရှိ

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပနေသည့် Pan Pacific Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂရိတင်းနစ်မယ် ဆက်ကာရီ၊ အမေရိကန်တင်းနစ်မယ် ပီဂူလာတို့က နိုင်ပွဲကိုယ်စီရရှိခဲ့ကြသော်လည်း နိုင်ခြေအဆင့်(၁) အဖြစ် သတ်မှတ်ခံထားရသူ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာနှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး ကူဒါမီတိုဗာက (၆-၂၊ ၂-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်ကာရီက ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဂါစီယာကို (၆-၂၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိပြီး ပီဂူလာက ရုရှားတင်းနစ်မယ် ကာဆက်ကီနာကို (၆-၁၊ ၆-၀) ရလဒ်ဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် ဆက်ကာရီကပီဂူလာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ကူဒါမီတိုဗာက ရုရှားတင်းနစ်မယ်များဖြစ်ကြသည့် အလက်ဇန်းဒါးရိုဗာနှင့် ပက်လူချန်ကိုဗာတို့ပွဲစဉ်မှ အနိုင်ရရှိလာသည့် ပက်လူချန်ကိုဗာနှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

ကူဒါမီတိုဗာက "ဒီနေ့ပွဲစဉ်မှာ ကျွန်မရဲ့ စပေးဘောတွေက တော်တော်လေး အလုပ်ဖြစ်ခဲ့ပါတယ်။ ပထမပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရခဲ့ပေမဲ့ ဒုတိယပွဲငယ်မှာ ပြန်လည်ရှုံးနိမ့်ခဲ့ရတယ်။ တတိယပွဲငယ်မှာ ပိုပြီးတော့ အာရုံစိုက်ဖြစ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

Ref : France24

Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၈) ပွဲကြိုသုံးသပ်ချက်

STA

**အေတီကို Vs ကာဒီဇက်**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေတီကို ၅ – ၁ ကာဒီဇက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | – | ဝေး(သရေ) | အိမ်(နိုင်) | ဝေး(နိုင်) |
| ကာဒီဇက် | – | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |

လက်ရှိကာဒီဇက်အသင်းရဲ့ခြေစွမ်းပိုင်းက အေတီကိုအသင်းကိုပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့အတွက် ခက်ခဲနေမှာပါ။ အေတီကိုအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ ကာဒီဇက်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ အေတီကိုအသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အေတီကို ၂ – ၀ ကာဒီဇက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

STA

**ဖရိုင်းဘတ် Vs အော့စ်ဘတ်**

**ကစားမည့်ရက်/အချိန် ၁-၁၀-၂၀၂၃ (ည ၁၀:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုင်းဘတ် ၃ – ၁ အော့စ်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | – | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(သရေ) |
| အော့စ်ဘတ် | – | အိမ်(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဖရိုင်းဘတ်အသင်းဟာ အော့စ်ဘတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ အော့စ်ဘတ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုအိမ်ကွင်းပွဲစဉ်မှာလဲ ရုန်းကန်ရဖို့ရှိနေပါတယ်။ ဒါကြောင့် အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတဲ့ ဖရိုင်းဘတ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖရိုင်းဘတ် ၂ – ၁ အော့စ်ဘတ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၇) ပွဲကြိုသုံးသပ်ချက်များ

STA

**နိုက် Vs ဘရက်**

**ကစားမည့်ရက်/အချိန် ၁-၁၀-၂၀၂၃ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရက် ၁ – ၀ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| ဘရက် | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲရယူထားပြီးအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ နိုက်အသင်းရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ ဘရက်အသင်းကလဲ နှစ်ပွဲဆက်နိုင်ပွဲရယူထားတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင် ခံစစ်ပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ နိုက်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – နိုက် ၂ – ၁ ဘရက်**

**ရင်းနက် Vs နန့်တက်**

**ကစားမည့်ရက်/အချိန် ၂-၁၀-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နန့်တက် ၀ – ၁ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရင်းနက် | – | အိမ်(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| နန့်တက် | – | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

နန့်တက်အသင်းဟာ နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ ရင်းနက်အသင်းနဲ့တွေ့ဆုံတိုင်းရုန်းကန်ရလေ့ရှိပါတယ်။ ရင်းနက်အသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တာကြောင့် အိမ်ကွင်းမှာ နန့်တက်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိတဲ့ ရင်းနက်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ရင်းနက် ၁ – ၀ နန့်တက်**

# ကြည်အေး၏ နှမ်းလျှအိမ်ပြန်

## ပုသိမ်အောင်သန်းဦး

တင်မေသည် ငယ်စဉ်ကပင် ကြောက်တတ်သည်။ အဖေကိုလည်း ကြောက်သည်။ အမေကိုလည်းကြောက်သည်။ အဖေသည် မျက်နှာတည်တည်၊ အသံဩဩ၊ ဒေါသကြီးကြီးနှင့် တစ်အိမ်လုံးကို စိုးမိုးထားသည်။ အိမ်တွင် အနေနည်းသည်။ မြရာကုန်းတစ်ဝိုက်ရှိ လယ်များကိုသာ စီမံခန့်ခွဲနေတတ်သည်။ တင်မေတို့နှင့် ခပ်စိမ်းစိမ်းရှိသည်။ အမေသည်လည်း မြရာကုန်းချောင်းတစ်ဖက်ကမ်းတွင်ရှိသော ဆန်စက်၌သာ အချိန်ကုန်နေပြီး သားသမီးများနှင့် ရင်အုပ်မကွာမရှိပေ။

တင်မေတို့ မောင်နှမသုံးယောက်တွင် တင်မေက အလတ်၊ အကြီးက ခင်မေ၊ အငယ်က မောင်လေး အပု။ အပုမှာ ငယ်ရွယ်သဖြင့် ကလေးထိန်းနှင့်သာ နေရသည်။ တင်မေသည် အမေ၏ညီမတစ်ဝမ်းကွဲ တော်စပ်သူ ဒေါ်ဒေါ်နှင့်သာ အနေများသည်။

မကြာမီ ပြဿနာပေါ်သည်။ အဖေနှင့်ဒေါ်လေးတို့ လွန်လွန်ကြူးကြူးဖြစ်ကြသဖြင့် အမေနှင့်စကားများကြသည်။ အမေသည် တင်မေနှင့်အပုတို့ကိုခေါ်ပြီး ရန်ကုန်သို့ ထွက်ခဲ့သည်။ မကြာမီ အဖေလိုက်ခေါ်သဖြင့် မြရာကုန်းသို့ ပြန်ခဲ့ကြသည်။ တင်မေမှာ အရွယ်နှင့်မမျှအောင် စိတ်ညစ်ခဲ့ရသည်။

ကျောင်းပိတ်သောအခါ ခင်မေသည် ရန်ကုန်မှ ပြန်လာသည်။ အဒေါ်ဖြစ်သူနှင့် မကြာခဏ စကားများကြသည်။ အဒေါ်က အဖေ့ကိုတိုင်သောအခါ ခင်မေ အရိုက်ခံရသည်။ ကျောင်းများပြန်ဖွင့်သောအခါ တင်မေသည် ခင်မေနှင့်အတူ ရန်ကုန်သို့လိုက်ပြီး ဘော်ဒါတွင် နေရသည်။ ကျောင်းတွင်လည်း တင်မေ အပေါင်းအဖော်မရှိ။ အဖော်မဲ့နေတတ်သည်။ ကျောင်းပိတ်၍ အိမ်ပြန်လာသောအခါ ဒေါ်ဒေါ်ကို ကလေး ပိုက်လျက်တွေ့ရသည်။ တင်မေ ရှက်မိသည်။ ဒေါ်ဒေါ့်ကလေးက အချိန်မတော်ငိုတတ်သဖြင့် အိပ်ရေးပျက်ရသည်။ တစ်နေ့ တင်မေက ဒေါ်ဒေါ့်ကလေးကို ကျောက်တံဖြင့် မတော်တဆထိုးမိရာ အဖေက တင်မေကို ရိုက်သည်။

တင်မေ လေးတန်းသို့ရောက်သောအခါ ဘဝတူ ကျောင်းသူလေးများ သူတို့မိဘများနှင့် ချစ်ချစ်ခင်ခင် တွေ့ရသောအခါ တင်မေ ဝမ်းနည်းမိသည်။

တစ်နေ့ တင်မေ ဖျားသည်။ ညတွင်ယောင်ပြီး "အိမ်ပြန်ချင်တယ်၊ အိမ်ပြန်ချင်တယ်"ဟု အော်ငိုမိသည်။ ဆရာမကြီးက ခွင့်ပေးသဖြင့် အိမ်သို့ပန်းချီဆရာက လိုက်ပို့သည်။ အိမ်ရောက်တော့ အိမ်ကြောက်ရောဂါဖြစ်ပြန်သည်။ တင်မေ ဘာလုပ်ရမှန်းမသိ၊ အခန်းတံခါးပိတ်ပြီး ငိုနေမိသည်။

တင်မေ ခုနစ်တန်းရောက်သည့်နှစ်တွင် ခင်မေ ရည်းစားထားသည်။ အိမ်ပြန်ရောက်သောအခါ ခင်မေ ရည်းစားထားသည်ကိုသိပြီး အမေက ရိုက်သည်။ နောက်ဆုံး ခင်မေ ယောကျ်ားနောက် လိုက်ပြေးသည်။ အပုမှာ ငယ်ငယ်ကတည်းက ချူချာသည်။ ကျောင်းသို့ မပို့ဘဲ အိမ်တွင် ဆရာမငှား၍ စာသင်သည်။ ခင်မေ ယောကျ်ားနောက် လိုက်ပြေးပြီးနောက်ပိုင်းတွင် အပုကို ရန်ကုန်ဘော်ဒါဆောင်ပို့ပြီး စာသင်စေသည်။

အပုမှာ အသက် ၁၂ နှစ် မပြည့်တတ်သေး၊ ကျန်းမာရေးက မကောင်း၊ ပေပေတေတေနေတတ်သည်။ အပုလျှပ်ပြီး ကျောင်းဆေးခန်းမှတစ်ဆင့် အပုကို ဆေးရုံသို့ပို့ရသည်။ အပု မဆုံးမီ သုံးရက်အလိုတွင် အမေ ရောက်လာသည်။ အဖေကား ပွဲရုံလုပ်ငန်းများဖြင့် မလာအား။ တင်မေမှာ အထီးကျန်လာသည်။ လူတောထဲ မတိုးတတ်၊ ဘဝတွင် ဘာကြောင့်နေရသည်ကို တွေးလာသည်။ ဘဝအဓိပ္ပာယ်ကိုရှာမတွေ့၊ တစ်ယောက်တည်း နေတတ်လာသည်။

တင်မေသည် မည်သူ့ကိုမျှ မယုံ၊ မိဘမေတ္တာမရကတည်းက မည်သူ့မေတ္တာကိုမျှ မယုံမိတော့။ ထိုစဉ် ကိုကျော်နှင့်တွေ့သည်။ တင်မေ ပျော်လာသည်။ ကိုကျော်နှင့်အတူသွား၊ အတူစားနေရသည်ကို နှစ်သက်မိသည်။ ကိုကျော်နှင့်တွေ့စဉ်က တင်မေ ဆယ်တန်းစာမေးပွဲ ဖြေပြီးစဖြစ်သည်။ တင်မေ စာမေးပွဲအောင်သည်။ အမေတို့က ကောလိပ်ဆက်တက်ချင်လျှင် ငွေပို့ပေးမည်ဟုဆိုသည်။ တင်မေ တက္ကသိုလ်ပညာကို အထင်မကြီးပါ။

အိမ်မှ ငွေမှာယူနေရသည်ကိုလည်း တင်မေ ငြီးငွေ့လာသည်။ ကျောင်းပိတ်ရက်တွင် တင်မေ အိမ်သို့မပြန်။ သူငယ်ချင်း၏ရွာသို့ လိုက်သွားသည်။ အိမ်ကိုလည်း စာမရေး။ ရန်ကုန်တွင်သာနေသည်။ ကိုကျော်နှင့် ချစ်သူဖြစ်သောအခါ ငါးမိုင်ရှိကိုကျော့် အိမ်သို့ လိုက်သွားသည်။ လက်မထပ်ဘဲ ကိုကျော်နှင့် အတူနေသည်။ ကိုကျော်၏မိဘများက ကိုကျော့်ကို သူတို့သဘောတူသူနှင့် စေ့စပ်ရန်လုပ်သည်။ တင်မေ ရန်ကုန်မှ ရွာသို့ ပြန်လာသည်။

အိမ်သို့ပြန်ရောက်သောအခါ အိမ်သားများနှင့် စိမ်းနေသည်။ အိမ်ကကြီးပြီး သူ့အခန်းနှင့်သူ နေကြသည်။ တင်မေ၏အခန်းတွင် ဖုန်များတက်နေသည်။ တင်မေ အိပ်မပျော်၊ ချောင်းဆိုးလာသည်။ ချောင်းဆိုးသောအခါ သွေးပါလာသည်။

တင်မေ မြရာကုန်းချောင်းသို့ တစ်ပတ်အတွင်း သုံးကြိမ်မျှရောက်သည်။ မိမိကိုယ်ကို အဆုံးစီရင်ရန်ဖြစ်သည်။ သို့သော် အကြံမအောင်၊ အိမ်သို့ ပြန်လှည့်ခဲ့သည်။

ယခုတစ်ကြိမ် အေးဆေးစွာတွေးပြီး မြရာကုန်းချောင်းသို့လာခဲ့သည်။ သေဖြစ်တော့မည်ဟု သူယုံသည်။ လူ့ပြည်တွင် ၁၉ နှစ်နှင့် လေးလနေပြီးဖြစ်သည်။ မိဘလည်းရှိသည်။ ညီအစ်ကို မောင်နှမများလည်း ရှိခဲ့သည်။ ချစ်သူလည်း ရှိခဲ့သည်။ ယောကျ်ားလည်း ရခဲ့သည်။ ငွေကိုလည်း ကိုင်သုံးနိုင်ခဲ့သည်။ ပညာလည်းစုံပြီ။ ဘာလိုသေးသနည်း။

**❖ ဝေဖန်ရေးဆရာများက သုံးသပ်ရာတွင် ဤဝတ္ထုသည် ၁၉၅၀ ပြည့်နှစ်ခန့်ကာလနှင့်လည်း မည်သို့မျှ ဆက်စပ်မှုမရှိ။ ထိုခေတ်က အခြားစာရေးဆရာများ၏ အားထုတ်ကြိုးပမ်းမှုများ၌လည်း မည်သို့မျှ ဆက်စပ်မှုမရှိသည်ကို တွေ့ကြရသည်။ အမှန်တော့ ဤဝတ္ထုသည် မည်သည့်ခေတ်ကာလနှင့်မျှ မဆက်စပ်ဘဲ တသီးတခြားရှိနေသည်။ တသီးတခြားဖြစ်နေရသည့်အကြောင်းရင်းမှာ ဤဝတ္ထုသည် တစ်သီးပုဂ္ဂလမှ အခြေခံသောကြောင့်ဖြစ်သည်။ ပတ်ဝန်းကျင်ကို ဂရုမမူဘဲ ပုဂ္ဂလိကခံစားမှုတွင် အာရုံပြုထားသောကြောင့်ဖြစ်သည်။ အမှန်တော့ ပုဂ္ဂလိကခံစားမှုသည် ကြည်အေး၏ စာပေဝါဒပင်ဖြစ်သည်။ ❖**

တင်မေ တစ်ခုတွေးမိသည်။ အိမ်၊ မိမိတွင် အိမ်မရှိသေး။ မေမေတို့အိမ်၊ ဆရာ့အိမ်၊ ကိုကျော့်အိမ်။ တင်မေသည် ရေထဲဆင်းမသေတော့ဘဲ လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။

တင်မေ တစ်ယောက်တည်း ပြန်လာသည်။ မိုးက သဲသဲမဲမဲရွာနေသည်။ တင်မေ ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။ အသက်ရှူ၍မရ၊ မဝ ဖြစ်သည်။ တင်မေ အိမ်ကိုလှမ်းကြည့်သည်။ မမြင်ရ၊ သူ အိမ်ရှိရာသို့ လျှောက်လာရင်း မျက်နှာကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်သည်။ အိမ်တံခါးပွင့်လာပြီး သူ့ကိုကြိုဆိုသောလက်ကို ဖမ်းဆုပ်လိုက်သည်။ တင်မေ၏လက်ကို ဖမ်းဆုပ်ကြိုဆိုသောသူ၏လက်သည် အေးစက်လှပါတကားဟူ၍ ဝတ္ထုကိုအဆုံးသတ်ထားသည်။

နှမ်းလျှအိမ်ပြန်သည် ၁၉၅၀ ပြည့်နှစ်ခန့်ကာလက ပေါ်ပေါက်ခဲ့သော ဝတ္ထုရှည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ပေါ်ပေါက်လာခဲ့သော မြန်မာစာရေးဆရာများအနက် ဆရာမ ကြည်အေးလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ဆရာမသည် တာရာမဂ္ဂဇင်းတွင် ကဗျာနှင့်ဝတ္ထုများရေးသားခဲ့ပြီးနောက်ပိုင်းတွင် ရှုမဝမဂ္ဂဇင်းတွင် ဆက်လက်ရေးသားခဲ့သည်။ နှမ်းလျှအိမ်ပြန်သည် ရှုမဝမဂ္ဂဇင်းတွင် ၁၉၅၃ ခုနှစ် ဇန်နဝါရီလထုတ်၌ ဖော်ပြခဲ့သည့် ဝတ္ထုရှည်ဖြစ်ပြီး နောက်ပိုင်းတွင် လုံးချင်းအဖြစ် ထုတ်ဝေခဲ့သည်။

ဝေဖန်ရေးဆရာများက သုံးသပ်ရာတွင် ဤဝတ္ထုသည် ၁၉၅၀ ပြည့်နှစ်ခန့်ကာလနှင့်လည်း မည်သို့မျှ ဆက်စပ်မှုမရှိ။ ထိုခေတ်က အခြားစာရေးဆရာများ၏ အားထုတ်ကြိုးပမ်းမှုများ၌လည်း မည်သို့မျှ ဆက်စပ်မှုမရှိသည်ကို တွေ့ကြရသည်။ အမှန်တော့ ဤဝတ္ထုသည် မည်သည့်ခေတ်ကာလနှင့်မျှ မဆက်စပ်ဘဲ တသီးတခြားရှိနေသည်။

တသီးတခြားဖြစ်နေရသည့် အကြောင်းရင်းမှာ ဤဝတ္ထုသည် တစ်သီးပုဂ္ဂလမှ အခြေခံသောကြောင့်ဖြစ်သည်။ ပတ်ဝန်းကျင်ကို ဂရုမမူဘဲ ပုဂ္ဂလိကခံစားမှုတွင် အာရုံပြုထားသောကြောင့်ဖြစ်သည်။ အမှန်တော့ ပုဂ္ဂလိကခံစားမှုသည် ကြည်အေး၏ စာပေဝါဒပင်ဖြစ်သည်။

ထို့ကြောင့်ပင် မြန်မာဝတ္ထုသမိုင်းတွင် ကြည်အေးသည် နေရာတစ်နေရာ ရရှိနေခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ကြည်အေး၏ အတွေးအခေါ်၊ ကြည်အေး၏ အရေးအသားတို့သည် သူများနှင့်မတူဘဲ ကွဲပြားသည်။ ကြည်အေးသည် အတွေးဆန်းသည်။ အရေးဆန်းသူဖြစ်သည်။

ဆရာမကြည်အေး၏ အမည်ရင်းမှာ ဒေါ်ကြည်ကြည်ဖြစ်သည်။ ၁၉၂၉ ခုနှစ်တွင် ရန်ကုန်လှည်းတန်း၌ ဖွားမြင်သည်။ အဖ ကုန်သည်ကြီး ဦးဟုန်၊ အမိ ဒေါ်ငွေယုန်တို့ဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်သည်။ ဆေးပညာကို ဝါသနာမပါဘဲ သင်ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် အင်္ဂလိပ်စာနည်းပြဆရာမအဖြစ် တာဝန်ထမ်းခဲ့သည်။ အင်္ဂလန်နိုင်ငံ ဘီဘီစီအသံလွှင့်ဌာနတွင်လည်း တာဝန်ထမ်းခဲ့၏။ ဆေးပညာကို တတိယနှစ်မှစ၍ ပြန်လည်တက်ရောက်သင်ယူခဲ့ကာ ဆေးပညာဘွဲ့ရပြီး ဆရာဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်တွင် စစ်ပြေးရင်း ကွမ်းခြံကုန်းမြို့တွင် ဖွင့်လှစ်သည့် စာရေးဆရာကြီးများ၏ စာပေသင်တန်းသို့ တက်ရောက်ခဲ့သည်။

ဆရာမကြည်အေး၏ ထင်ရှားသောဝတ္ထုများမှာ ကျွန်မ ပညာသည်၊ ဖုန်းသက်ပိုင်၊ မီး၊ တမ်းတတတ်သည် တို့ဖြစ်သည်။ မမိုးသူဟူသည့် ကလောင်အမည်ဖြင့် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

ကြည်အေးသည် ကဗျာ၊ ဝတ္ထုရေးဖွဲ့ခြင်းအပြင် ဂီတနှင့်ပန်းချီကိုလည်း ဝါသနာပါသည်။ ဒေါ်စောမြအေးကြည်ထံ အဆိုသင်ဖူးသည်။ စန္ဒရားနှင့် စောင်းလည်း တတ်ကျွမ်းသည်။ ပန်းချီပုံတူရေးဆွဲခြင်းကိုလည်း စိတ်ထက်သန်ကြောင်း သိရပါသည်။

**ကိုးကား**

**– မလိခ၏မြန်မာဝတ္ထုအညွန်း**

# လားရှိုးမြို့နယ် ပန်စုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဇက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပန်စုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ပန်စုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်စုံကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၃ သန်း၊ ကျေးရွာလူထု ထည့်ဝင်ငွေကျပ် ၁ ဒသမ ၇သန်း စုစုပေါင်းငွေကျပ် ၁၂ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ပန်စုံကျေးရွာနေ ပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး သိရသည်။ **ဖြိုးထက်အောင်(ပျော်ဘွယ်)**



# ၂၀၂၃ ခုနှစ်အတွက် ယူနက်စကိုက ကြီးမှူးကျင်းပသော လူငယ်ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာလူငယ်ဓာတ်ပုံဆရာ ကိုနေလင်းထွန်းက ဒုတိယဆုရရှိ



**ရန်ကုန် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ်အတွက် ယူနက်စကိုက ကြီးမှူးကျင်းပသော လူငယ်ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာလူငယ်ဓာတ်ပုံဆရာ ကိုနေလင်းထွန်းက ဒုတိယဆုရရှိခဲ့သည်ဟု စက်တင်ဘာလစတုတ္ထပတ်က ကြေညာထားကြောင်း မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်းမှ အမှုဆောင် ဦးစိုးမင်းက ပြောပြ၍သိရသည်။

၂၀၂၃ ခုနှစ်အတွက် ယူနက်စကိုက ကြီးမှူးကျင်းပသည့် ပဥ္စမအကြိမ်မြောက် လူငယ်ဓာတ်ပုံပြိုင်ပွဲတွင် ပိုးလမ်းမပေါ်က လူငယ်မျက်ဝန်း ခေါင်းစဉ်ဖြင့် လူငယ်ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ခဲ့ရာ မြန်မာလူငယ်ဓာတ်ပုံဆရာ ကိုနေလင်းထွန်းက မြန်မာနိုင်ငံ ရှမ်းပြည်နယ်ရှိ မွေတော်ကက္ကူစေတီ မီးထွန်းပွဲတော်ပုံဖြင့် ဒုတိယဆု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပိုးလမ်းမပေါ်က လူငယ်မျက်ဝန်း လူငယ်ဓာတ်ပုံပြိုင်ပွဲကို ယူနက်စကိုက ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ အသက်အုပ်စုနှစ်အုပ်စုခွဲပြီးတော့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက အသက် ၁၄ နှစ်ကနေ အသက် ၁၇ နှစ်အတွင်း လူငယ်အုပ်စုနဲ့ အသက် ၁၈ နှစ်ကနေ အသက် ၂၅ နှစ်အတွင်း လူငယ်အုပ်စုခွဲပြီး ယှဉ်ပြိုင်စေခဲ့ပါ။ ပြိုင်ပွဲဝင်လူငယ်ဓာတ်ပုံဆရာအရေအတွက်ကတော့ အယောက် ၆၇၀၀ ဖြစ်ပါတယ်"ဟု ဦးစိုးမင်းက ပြောပြသည်။

ပြိုင်ပွဲဝင် ဓာတ်ပုံလက်ရာများအနက် အသက် ၁၈ နှစ်မှ အသက် ၂၅ နှစ်အုပ်စုတွင် ပထမဆုကို အီရန်မှ လူငယ်ဓာတ်ပုံဆရာက Hawraman village in Kurdistan region မှ တောင်တန်းနှင့် အဆောက်အအုံအလှအပပုံဖြင့် ပထမဆုရရှိခဲ့ပြီး ဒုတိယဆုကို မြန်မာလူငယ်ဓာတ်ပုံဆရာ ကိုနေလင်းထွန်းက မြန်မာဘုရားကျောင်းကြား မီးထွန်းပွဲ ခေါင်းစဉ်နဲ့ ရှမ်းပြည်နယ်ရှိ မွေတော်ကက္ကူစေတီတွင် ပအိုဝ်းတိုင်းရင်းသူ အမျိုးသမီးများ မီးထွန်းနေပုံဖြင့် ဆုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# In Time ဇာတ်ကားက Netflix ၏ကြည့်ရှုမှုအများဆုံးဇာတ်ကားများတွင် နံပါတ် ၃ နေရာ၌ရပ်တည်

**နယူးယောက် စက်တင်ဘာ ၂၉**

In Time အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားသည် Netflix အွန်လိုင်းရုပ်ရှင် ဖျော်ဖြေရေးစနစ်၏ ကြည့်ရှုမှုအများဆုံးဇာတ်ကားများတွင် နံပါတ် ၃ နေရာ၌ ရပ်တည်လာကြောင်း စက်တင်ဘာ ၂၈ ရက် သတင်းများအရ သိရသည်။

In Time ဇာတ်ကားသည် ၂၀၁၁ ခုနှစ်တွင် ရုံတင်ပြသခဲ့သော ဇာတ်ကားဖြစ်ရာ ရုံတင်ပြီး ၁၂ နှစ်အကြာတွင် Netflix ၌ ကြည့်ရှုမှုအများဆုံး ဇာတ်ကားတစ်ကားအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် In Time ဇာတ်ကားသည် Netflix ၏ကြည့်ရှုမှုအများဆုံး အင်္ဂလိပ်ဘာသာစကားပြောဇာတ်ကား ၁၀ ကားစာရင်း၌ နံပါတ် ၃ နေရာတွင် ရပ်တည်နေကြောင်း၊ အဆိုပါဇာတ်ကားကို စက်တင်ဘာ ၁၈ ရက်နှင့် ၂၄ ရက်ကြားကာလအတွင်း ကြည့်ရှုမှုပေါင်း ၅ ဒသမ ၇ သန်းနှင့် ကြည့်ရှုချိန်နာရီပေါင်း ၁၀ ဒသမ ၄ သန်းထိရှိခဲ့ကြောင်း သိရသည်။

In Time ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးနစ်ကိုးလ်က ရိုက်ကူးခဲ့ပြီး မင်းသား ဂျပ်စတင်တင်းဘားလိတ်နှင့် မင်းသမီး အမ်မန်ဒါဆေးဖရိုင်းတို့ ပါဝင်သရုပ်ဆောင်ခဲ့သည်။

**Ref : Movieweb**

**Trs : KKO**




# မပြောင်းလဲဘူး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁ ရက်တွင် SKY PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် စက်တင်ဘာ ၂၉**

မပြောင်းလဲဘူး ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၁ ရက်တွင် SKY PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကား ပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ ဥက္ကာဗိုလ်က ပြောပြ၍ သိရသည်။

မပြောင်းလဲဘူး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုနှင့်ဇာတ်ညွှန်းကို ဦးဦးဝင်းမောင်က ရေးသားထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဥက္ကာဗိုလ်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"အချစ်ဟာသ ဇာတ်ကားလေးပါ။ တစ်ပိုင်းတည်း အပြီးဇာတ်ကားလေးပါ။ မူလတုန်းကတော့ မြန်မာဗီဒီယိုဇာတ်လမ်းအနေနဲ့ ရိုက်ကူးခဲ့တာပါ။ SKY PREMIER HD ရုပ်သံလိုင်းမှာ အောက်တိုဘာ ၁ ရက်မှာ ထုတ်လွှင့်ပြသပေးမှာပါ"ဟု ဒါရိုက်တာဥက္ကာဗိုလ်က ပြောပြသည်။

မပြောင်းလဲဘူး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ညီထွဋ်ခေါင်၊ သွန်းဆက်၊ ဝါဝါအောင်၊ ရွှေစင်မြင့်မိုရ်၊ ရွှေရည်လင်းလက်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို SKY PREMIER HD ရုပ်သံလိုင်းမှ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Sister Death ထိတ်လန့်သည်းဖိုဇာတ်ကား နမူနာဇာတ်ဝင်ခန်းများ ထုတ်လွှင့်ပြသခဲ့

**နယူးယောက် စက်တင်ဘာ ၂၉**

Netflix ရုပ်ရှင်ကုမ္ပဏီသည် အွန်လိုင်းစနစ်ဖြင့် ထုတ်လွှင့်မည့် Sister Death အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကား နမူနာဇာတ်ဝင်ခန်းများကို စက်တင်ဘာ ၂၈ ရက်က ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

Sister Death ဇာတ်ကားသည် နာမည်ကျော်စပိန် ထိတ်လန့်သည်းဖိုဇာတ်ကားဖြစ်သည့် Veronica ဇာတ်ကား၏ ဇာတ်အိမ်မတိုင်မီကာလကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Sister Death ဇာတ်ကားသည် နာဆစ်ဆာအမည်ရှိ သဘာဝလွန်စွမ်းအားများ ပိုင်ဆိုင်ထားသော ခရစ်ယာန်သီလရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Sister Death ဇာတ်ကားကို စပိန်ဒါရိုက်တာ ပါကိုပလာဇာက တာဝန်ယူရိုက်ကူးပေးထားပြီး စပိန်မင်းသမီး အာရီယာဘက်မာ ပါဝင်သရုပ်ဆောင်ထားသည်။

Veronica (2017) ကိုလည်း ဒါရိုက်တာ ပါကိုပလာဇာကပင် တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Sister Death ဇာတ်ကားကို လာမည့်အောက်တိုဘာ ၂၇ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားရန် Netflix ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref: Screen Rant**

**Trs: KKO**




# အဆိုတော် အောင်အေးချစ်၏ မမမိုး မချစ်စု တေးစီးရီးအယ်လ်ဘမ် အောက်တိုဘာလအတွင်း ထွက်ရှိမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၉**

အဆိုတော် အောင်အေးချစ်၏ မမမိုး မချစ်စု တေးစီးရီး အယ်လ်ဘမ် အောက်တိုဘာလအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် အောင်အေးချစ်က ပြောပြ၍ သိရသည်။

မမမိုး မချစ်စု တေးစီးရီး အယ်လ်ဘမ်တွင် ရေဒီယိုခေတ်ကကာလပေါ် တေးသီချင်းများ အများဆုံးပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ တေးစီးရီး အယ်လ်ဘမ်အတွက် မိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ Attica Restaurant & Bar ၌ စက်တင်ဘာ ၂၈ ရက် ညပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီအခွေကို ၂၀၁၈ ခုနှစ်လောက်ကတည်းက စီစဉ်ခဲ့တယ်။ ၂၀၁၉ ခုနှစ်မှာ သီချင်းအခွေအတွက် အားလုံးပြီးသွားပြီ။ ၂၀၂၀ ပြည့်နှစ် သီချင်းခွေထွက်မဲ့အချိန်မှာ ကိုဗစ်တွေဖြစ်တော့ ရပ်လိုက်တယ်။ ၂၀၂၁ ခုနှစ်မှာလဲ အခွေထွက်ခဲ့ပေမဲ့ အကြောင်းတချို့ရှိခဲ့လို့ ရပ်လိုက်ရတယ်။ အခုမှ ပရိသတ်လက်ထဲကို သေချာထည့်နိုင်မှာပါ။ အခွေက တော်တော်ကို အခက်အခဲများခဲ့တယ်။ ကျွန်တော် အများကြီးကြိုးစားခဲ့ပြီးပြီဆိုတော့ ပရိသတ်လက်ထဲ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရောက်အောင်ပို့ပေးမှာပါ"ဟု အဆိုတော် အောင်အေးချစ်က ပြောပြသည်။

အဆိုတော် အောင်အေးချစ်၏ မမမိုး မချစ်စု တေးစီးရီးအယ်လ်ဘမ် မိတ်ဆက်ပွဲသို့ တေးသံရှင် ဇော်ပိုင်၊ ဟဲလေး၊ ရေဗက္ကာဝင်း၊ မစံပယ်ညို၊ မေသူ၊ ငွေဇင်လှိုင်၊ ငြိမ်းငြိမ်းအိ စသည့်အဆိုတော်များ တက်ရောက်ခဲ့ကြပြီး တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုပေးခဲ့ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Union Government meeting 5/2023, stresses the need to prove with practical work that serves people's interest




Senior General Min Aung Hlaing addresses Union Government meeting 5/2023.

**Nay Pyi Taw September 29**

The Union Government held the meeting 5/2023 at State Administration Council Chairman's Office here this afternoon addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, and union level officials. Chief ministers of regions and states attended the meeting through video conferencing.

**Systematic management to work and created job opportunities**

The Senior General said SAC after restoring the national situation in all aspects is implementing plans for the success of government functions. There was success and progress and also weaknesses. Success depends on the performance. Success will definitely be achieved if the country can unitize its underground and aboveground natural resources and human resources effectively.

Aids and assistance for LDCs are cut off for various reasons. Hence that government has to strive for success through self-reliant efforts. The Senior General expressed thanks to neighbouring countries for their assistance. He said the country must stand on its own feet. Priority must be given to value-adding the local goods. During the early period after the assumption of State duties, SAC could not prioritize economic development. But in the later period, it could pay serious attention to it. The country needs to prove with work and create opportunities to work. The labour force will not be able to work with full energy if there is no innovation and encouragement, but only orders. Energetic work performance and economic development can only be acquired through the generation of job opportunities and support. Hence, the management needs to do its work systematically.

**Prove faithfulness with work and systematic management**

In assigning the chief ministers, the union ministers and officials, the SAC, since its establishment, has selected persons who have experience in the respective fields and who will be dutiful and assigned them duties with trust on them that they will perform their duties well. Success has been achieved in a short period amidst the sanctions and disturbances. They should improve their confidence and strive to achieve continuous progress ministry wise and region/state wise.

The SAC set up two political goals to strengthen the disciplined multiparty democracy and establish a union based on federalism and two national goals to bring prosperity to the country and ensure food sufficiency, in guaranteeing people to earn their living in a peaceful environment and pursue a worry-free life. The said goals are the national visions that must be implemented continuously. The five-point roadmap was adopted to facilitate the work of implementing the vision. The final goal is to hold a free and fair multiparty general election. The country must gain progress that is greater than that of the past, and the SAC should erect a milestone in history. SAC set up the nine objectives, and SAC members, union ministers and chief ministers must steadfastly implement them without fail. As SAC has the duty to supervise the said points, it is disbursing financial capital from the national economic promotion fund, extending the loan repayment period, increasing financial aids for civil servants. In this way, SAC is energizing the working force. It has the duty to provide systematic management and assistance for ministries and regions and states in enabling them to work well and achieve success.

The Senior General underscored that directors, managing directors, directors general and permanent secretaries assigned in relevant ministries are responsible for scrutinizing accomplishment of jobs and progress of work forces. Duties of heads of government departments are important, and they have to steadfastly oversee the implementation of the missions and visions. Departmental heads are able to guarantee the Union ministers. Duty must be assigned to actually workable personnel and they have to do jobs actually. Ministries have to meet with service personnel for clarifying policies of the State, and if so, they will have comprehensive understanding over undertakings of the State with raising the workability.

The Senior General unveiled that the government will enumerate the census population in 2023 depending on experiences in enumeration of the test census on 1 October this year. When the firm voter list comes out from the census, preparations will be made for holding the forthcoming multiparty democratic general election. As such, ministries have to explain these work process.

**Enhancing agriculture, livestock and manufacturing**

Now is time of growing monsoon paddy and other crops. It is necessary to nurture monsoon paddy and other crops for thriving and ensuring boosting production meeting the target. Likewise, efforts must be made for achieving success in livestock sector. An emphasis must be placed on manufacturing products by MSME industries using agricultural and livestock products. Some 45 per cent of 72 per cent from the rural people of the country are directly engaged in agriculture sector. As other rural people are carrying out agro-based businesses, the majority of citizens are focusing on agriculture tasks. The whole country faces requirements in food security. As only the countries based on agriculture and livestock tasks can meet the food demands, Myanmar has to carry out agriculture and livestock at full capacity. Although some countries have some 300 per cent of double cropping, Myanmar can secure more than 150 per cent of double cropping. So, efforts must be made for increasing the double cropping capacity.

Regarding the livestock sector, people consume crops, meat, fish and egg as daily consumption. Myanmar mainly consumes chicken, pork, mutton, beef and fish and breeds them. Myanmar has many requirements due to lack of systematic breeding. If the country engages in systematic breeding, entire people can sufficiently consume meat, fish and egg. So, officials need to supervise systematic measures of agriculture and livestock farming tasks.

**Enhancing production capacity to benefit the State**

Myanmar is implementing the market economic system. But, factories of ministries are capable of manufacturing. It is necessary to resume operation of factories halted in various reasons. Factories must be repaired and upgraded necessarily. Running the factories can manufacture products. Private factories are also operating businesses. It is necessary to fulfill the requirements of private industries in order to manufacture products at full capacity. The government is encouraging MSME industries for development of the private sector. If private industries, MSME businesses, agriculture and livestock farms for production and ministerial industries can operate production in full swing, they can much benefit the country. Ministries have to achieve success in relevant tasks. If so, State economy will boost.

Union ministries reported on measures of their respective sectors.

In conclusion, the Senior General said that the State Administration Council is always emphasizing enhancement of workability of the State. An emphasis is being placed on welfare of the State service personnel included in the production force of the nation with increasing assistance, welfare measures and allowance. On the other hand, the government is systematically supervising the declining of commodity prices. The government considers to increase cash assistance for State service personnel and it will be released soon. The money remitted by Myanmar citizens working abroad contribute to currency circulation of the State and economic development on one hand. So, arrangements are being made to give more incentives to them.

With regard to spending the finance, the Senior General stressed the need to efficiently spend the finance without wasting in unnecessary projects and surplus finance will be spent on other regional development tasks and public welfare tasks. It is necessary to strictly scrutinize all measures for success of ministries. All have to serve the interests of the people effectively as an evidence of workability. 100

# Mekong-Lancang cooperation special fund helps turn out skilled workers in Myanmar



A group photo taken after the workshop.

**Nay Pyi Taw September 29**

Based on the Mekong-Lancang cooperation special fund 2021, skilled workers are being turned out in Myanmar's manufacturing sector, and they are being connected with job opportunities, said Daw Khine Khine Nwe, chair of Manufacturing Employment Skill Standard Committee.

Greater Mekong Subregion comprises Cambodia, Laos, China, Myanmar, Thailand and Viet Nam. The Mekong-Lancang Cooperation consists of four sectors such as construction, manufacturing, mineral and engineering and hotels and tourism.

"The manufacturing sector covers garment factories, sandals, leather bag, lacquerware and weaving, textile, foodstuff, milk and dairy products, ceramic products, and other productions. The project covers the Skill Development Programme. It is a project to issue skill recognition certificates and enhancement of the value of such certificates. The Mekong-Lancang cooperation project includes garment production, welding, brick laying and wiring services. So, training courses are being conducted in line with the project. It plans to uplift 1,000 workers to have skill level 1, 50 of whom must be linked with job opportunities. The project has so done. The project helped improve skills of workers with the aim of increasing production and incomes as well as per-capita income. As such, the country will have economic development. So, the course aims to recognize the skill certificate for the employees," said Daw Khine Khine Nwe.

Moreover, the special fund 2021 contributed to implementation of the Mekong - Lancang Cooperation : Project on Promotion of the Value of the National Skills Recognition Certificate through Skills Development System by holding a workshop on raising the awareness of skill development in garment industry at the Lotte Hotel in Yangon on 25 September.

In this regard, the first secretary from the Chinese Embassy to Myanmar, officials from the Ministry of Labour, garment industries, shoemaking industries, foodstuff industries, milk and dairy product industries, and Myanmar Engineering Society totalling 136 attended the workshop. ASH

# MAI starts running cargo flights from Yangon to Kolkata, Bangkok, Kuala Lumpur, Singapore starting from 28 September

**Yangon September 29**

According to a press release of MAI, Myanmar Airways International has decided to operate cargo flights from Yangon to Kolkata of India, Bangkok of Thailand, Kuala Lumpur of Malaysia and Singapore of Singapore starting from 28 September.

In this regard, MAI scheduled to use Boeing 737.400 Freihter airplane to transport cargo to those cities.

MAI arranges running of cargo flight between Yangon-Kolkata-Yangon on 28 September and 4 October and Yangon-Bangkok-Yangon on Tuesday, Thursday and Saturday weekly.

Moreover, the airlines will run Yangon-Kuala Lumpur-Yangon cargo flight every Wednesday and Yangon-Singapore-Yangon flight starting from 13 September.

MAI has hired Boeing 737-400 cargo airplane from Malaysia and arrived in Myanmar on 15 September. Such airplane can carry 18 tons of cargo. ASH




A cargo plane from MAI.

# Myanmar successfully makes experimental hatching of rare indigenous fish species to prevent extinction

**Mandalay September 29**

The fisheries station is successful in research and breeding to prevent the extinction of rare indigenous fish species to prevent extinction, said U Tun Naung Win, deputy director of Thayetkone fisheries station in Mandalay Region.

In order to prevent the extinction of the rare native fish species, the fish hatchlings are captured and collected by the Thayetkone fisheries station, and they are raised and hatched. Since the last fiscal year, research and trials have been carried out on these scarce freshwater fish species, and it has been successful. If they become abundant, they will be added.

"From the Thayetkone fisheries station, we have been conducting experiments and research on rare native fish species, raising and hatching them. The hatching was also successful. We aim to be able to produce fish in our country," he explained.

The Thayetkone fisheries station is hatching ten species of fish. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Artistes from Myanmar invited to join Hong Kong Performing ARTS Expo

**Yangon September 29**

Myanmar artistes were invited to the Hong Kong Performing Arts Expo organized by Hong Kong Performing Arts Development Council of China, according to the international relations committee of the Myanmar Motion Picture Organization recently.

Hong Kong Performing Arts Expo (HKPAX) initiates encouraging the acts of cultural exchange between artistes across the world and China including Hong Kong by holding the expo from 14 to 18 October this year.

"Myanmar artistes accepted invitation from the expo on 15 September. The expo will comprise trade fairs, international fine arts shows, business investments and talk shows. The export reserves 10 booths for Myanmar. Participants have to present dancing, drama, stage show, music concerts and so on. So, artistes from relevant countries need to present types of their presentations in video clips to HKPAX selection body. If they are chosen, the body will give US$10,000 as travel allowance and accommodation allowance," said U Chan Thar Kyi Soe of the international relations committee of MMPO.

Individual contestants or troupes have to compete with a type of event in the expo, and the video clip of participation must take between 45 to 60 minutes. The video clip must have subtitle in English, and it must be in Full HD MP4 Format (H-264). The entries must be sent to the body through www.hkpax.org.hk not later than 30 October. ASH



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ပြီးခဲ့သည့်လအတွင်း ယူကရိန်း၏စစ်ရေးဆုံးရှုံးမှုကို ရုရှားကာကွယ်ရေးဝန်ကြီး ထုတ်ဖော်ပြောကြား



ယူကရိန်းအထူးစစ်ဆင်ရေးတွင် ပြီးခဲ့သည့်လအတွင်းက ယူကရိန်း၏တပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော် ဆုံးရှုံးခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ဝန်ကြီးဌာနအစည်းအဝေး၌ ပြောကြားခဲ့ကြောင်း စက်တင်ဘာ ၂၆ ရက်တွင် TASS သတင်းဌာနက ရေးသားဖော်ပြထားသည်။

ရုရှားကာကွယ်ရေးဝန်ကြီး၏ပြောကြားချက်အရ ယူကရိန်းသည် ဂျာမနီထုတ် Leopard နှစ်စီးနှင့် ဗြိတိန်ထုတ် Challenger တစ်စီးအပါအဝင် အနောက်နိုင်ငံထုတ် တင့်ကားသုံးစီး ဆုံးရှုံးခဲ့ရသည်။

ရုရှားနိုင်ငံ၏ လေကြောင်းချီတပ်များအပြင် အရှေ့ပိုင်းနှင့်တောင်ပိုင်းစစ်ဒေသခရိုင်များ၏ တိုက်ခိုက်ရေးစွမ်းရည်များ မြင့်မားစွာ ထုတ်ဖော်ပြသနိုင်ခဲ့ပြီး ရုရှားတပ်ဖွဲ့ဝင်များသည် Kupyansk စစ်ဆင်ရေးနယ်မြေတွင် တိုးတက်မှုများရရှိလာခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားတိုက်ခိုက်ရေး အုပ်စုများသည် ရန်သူကို အနိုင်ယူရန်တက်ကြွသော ကြိုးပမ်းအားထုတ်မှုများဖြင့် ခုခံနေကြသည်။ ထိုအထဲတွင် Kupyansk စစ်ဆင်ရေးဧရိယာ Sinkovka နှင့် Petropavlovka အခြေချနေထိုင်မှုများအနီး ထိန်းချုပ်ရေးဇုန်သည် သိသိသာသာတိုးချဲ့နိုင်ခဲ့သည်ဟု Shoigu က ပြောပြသည်။

ယခုလတွင် အမေရိကန်ထုတ် Bradley တိုက်ခိုက်ရေးယာဉ် ခုနစ်စီး၊ M777 ဟောင်ဝစ်ဇာအမြောက် ၇၇ စီး၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်နှင့် အမေရိကန်ထုတ် ယာဉ်တင်ဟောင်ဝစ်ဇာ အမြောက် ၅၁ စီး အပါအဝင် တပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်၊ လက်နက်နှင့် စက်ပစ္စည်း ၂၇၀၀ ကျော်၊ ဂျာမနီထုတ် Leopard တင့်ကားနှစ်စီးနှင့် ဗြိတိန်ထုတ် Challenger တင့်ကားတစ်စီးတို့ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်ဟု Shoigu က အထူးစစ်ဆင်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသားများသည် ထိတွေ့တိုက်ပွဲဖြစ်ပွားရာ စစ်ဆင်ရေးလမ်းကြောင်းတစ်လျှောက်လုံးတွင် စစ်ရေးအရဆုံးရှုံးမှုများစွာကြုံတွေ့နေရဆဲဖြစ်သည်ဟု Shoigu ၏ အဆိုအရ သိရသည်။

ယူကရိန်း၏တန်ပြန်ထိုးစစ်တွင် မြင်သာထင်သာသော ရလဒ်များမရှိသော်လည်း အမေရိကန်နှင့် ၎င်း၏မဟာမိတ်များက စစ်လက်နက်များ ဆက်လက်ပေးပို့နေချိန်တွင် ယူကရိန်းအစိုးရသည် လေ့ကျင့်သားမပြည့်ဝသောတပ်များကို တိုက်ခိုက်မှုများအတွင်း တွန်းပို့နေသကဲ့သို့ဖြစ်ပြီး အသက်စွန့်နေကြရသည်ဟု ၎င်းကပြောကြားသည်။

"အနောက်နိုင်ငံတွေနဲ့ ယူကရိန်းမှာရှိတဲ့ လက်ဝေခံအဖွဲ့တွေရဲ့ အရှက်ကင်းမဲ့တဲ့ လုပ်ရပ်တွေဟာ ယူကရိန်းနိုင်ငံ ကိုယ်ကျိုးပျက်သုဉ်းတာရဲ့ အစွန်းတစ်ဖက်ကိုရောက်စေတာပဲဖြစ်ပါတယ်"ဟု Shoigu က မှတ်ချက်ပြုပြောကြားခဲ့သည်။

ရုရှားနိုင်ငံ Tula Airborne Division လေကြောင်းချီတပ်မတွင် အသစ်ဖွဲ့စည်းထားသော လေကြောင်းတပ်ရင်းကြီးသည် ယခုနှစ်အစောပိုင်းတွင် တိုက်ခိုက်ရေးမစ်ရှင်များကို စတင်တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း Shoigu က ပြောကြားခဲ့ပြီး Ivanovo တပ်မ၏ နောက်ထပ် တပ်ရင်းကြီးတစ်ခုဖွဲ့စည်းနေခြင်းသည် ၎င်း၏နောက်ဆုံးအဆင့် ရောက်ရှိနေပြီဖြစ်ရာ အမှတ် (၁၀၄) လေကြောင်းချီတပ်မကို ထပ်မံ ဖွဲ့စည်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ရုရှားနိုင်ငံ၏လေကြောင်းချီတပ်များသည် စစ်ဘက်ဆိုင်ရာ ဟာ့ဒ်ဝဲယူနစ် ၂၀၀၀ ကျော်နှင့် လေကြောင်းချီစစ်ဆင်ရေးသုံး Landing Gear များနှင့် လေထီးစနစ်များ အစရှိသည့်စက်ပစ္စည်းကိရိယာ ၅၅၀၀ ကျော်ကိုလက်ခံရရှိခဲ့သည်။

**Russian defense chief reveals Ukraine's military losses over past month ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန် အမှတ်(၄-၆၀) တပ်ရင်းကြီးက DE M-SHORAD စနစ်များကို RCCTO ထံမှ လက်ခံရရှိ

အမေရိကန်နိုင်ငံ Fort Sill တပ်စခန်းအခြေစိုက်အမှတ် (၆၀) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းကြီး အမှတ် (၄) တပ်ရင်းက ယာဉ်တင်တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် (DE M-SHORAD) ရွေ့ပြောင်းပုံစံလေးခုကို အမေရိကန်ကြည်းတပ်၏ Rapid Capabilities and Critical Technologies Office (RCCTO) ဌာနထံမှ လက်ခံရရှိခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက စက်တင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယာဉ်တင် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် (DE M-SHORAD) ရွေ့ပြောင်းပုံစံတစ်စုအဆင့်ကို ပေးပို့နိုင်ခဲ့ခြင်းသည် ဗိုလ်မှူးကြီး Steven D. Gutierrez ဦးဆောင်သော DE M-SHORAD စီမံကိန်း စီမံခန့်ခွဲမှုရုံးအတွက် သိသာထင်ရှားသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး ပါဝင်အကောင်အထည်ဖော်ခဲ့သော အဖွဲ့တစ်ခုလုံးအတွက် အဓိကအောင်မြင်မှုတစ်ရပ်လည်းဖြစ်ကြောင်း အမေရိကန် ကြည်းတပ်က ဖော်ပြခဲ့သည်။

ဤအရေးပါသော လုပ်ဆောင်ချက်သည် ၂၀၂၂ ခုနှစ် မတ်လတွင် 4-60th ADAR လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ရင်းကြီးကို သမိုင်းဝင်ပြန်လည်အသက်သွင်းခြင်းနှင့်အတူ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ၎င်းနောက် ၂၀၂၃ ခုနှစ် ဇွန်လတွင် ၎င်း၏ Delta တပ်ခွဲကို ပြန်လည်အသက်သွင်းခြင်းများနှင့် တစ်ပါတည်း လုပ်ဆောင်ခဲ့ခြင်းများဖြစ်သည်။

ဖွဲ့စည်းပုံအနေဖြင့် အမှတ်(၆၀) လေကြောင်းရန်ကာကွယ်ရေး အမြောက်တပ်ရင်းကြီး၊ အမှတ် (၄) တပ်ရင်းအား(4-60th ADAR)ကို အမှတ် (၃၂) ကြည်းတပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်အောက်မှ အမှတ်(၁) 1st သံချပ်ကာတပ်မအောက်သို့ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဤခေတ်မီအဆင့်မြင့် လေဆာလက်နက်စနစ်များ ပေါင်းစပ်မှုအတွက် ကြိုတင်ပြင်ဆင်မှုတွင်၊ 4-60th ADAR တပ်ရင်းသည် ၂၀၂၂ ခုနှစ် ဆောင်းဦးရာသီတွင် လေ့ကျင့်မှုကိုစတင်ခဲ့သည်။

DE M-SHORAD ရွေ့ပြောင်းပုံစံ၏ အရွယ်အစား၊အလေးချိန်နှင့် စွမ်းဆောင်ရည် ဝိသေသလက္ခဏာများကို ပုံတူကူးရန် ဒီဇိုင်းထုတ်ထားသော M-SHORAD ယာဉ်ကိုအသုံးပြု၍ ယာဉ်မောင်းများသည် အပြင်းအထန် လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် တိုက်ယာဉ်အဖွဲ့သားများသည် RCCTO ကပေးသော Virtual Crew Trainer Operating Systems ဆော့ဖ်ဝဲကိုအသုံးပြု၍ တိုက်ခိုက်ရေးဖွဲ့စည်းပုံ သို့မဟုတ် တိုက်ပွဲလုပ်ငန်းစနစ်များကို လက်တွေ့နှင့်ပေါင်းစပ်၍ အသားကျကျွမ်းကျင်စေရန် လေ့ကျင့်ခဲ့ကြသည်။



၂၀၂၃ ခုနှစ် မတ်လတွင် Arizona ပြည်နယ်ရှိ Yuma Proving Ground လေ့ကျင့်ရေးကွင်းတွင် 4-60th ADAR မှတပ်ဖွဲ့ဝင်များနှင့် DE M-SHORAD ရွေ့ပြောင်းပုံစံစနစ်အဖွဲ့တို့သည် Live Fire Exercise အတွင်း စွမ်းဆောင်ရည်သရုပ်ပြစမ်းသပ်မှုကို အောင်မြင်စွာပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ဤစမ်းသပ်သရုပ်ပြသမှုသည် ရွေ့ပြောင်းပုံစံစနစ်များ၏ အလားအလာကို မီးမောင်းထိုးပြခဲ့ပြီး ပါဝင်လုပ်ဆောင်သူများနှင့် လေ့လာအကဲခတ်သူများအပေါ် အထင်ကြီးမှု ရရှိစေခဲ့သည်။

4-60th ADAR တပ်ရင်းသို့ DE M-SHORAD ရွေ့ပြောင်းပုံစံများပေးပို့ခြင်းသည် အမေရိကန်ကြည်းတပ်၏ ခေတ်မီတိုးတက်ရေးလှုပ်ရှားမှုအသွင် ကူးပြောင်းရေးမှတ်တိုင်တစ်ရပ်ကို ကိုယ်စားပြုသည်ဟု ဗိုလ်မှူးကြီး Gutierrez က ပြောကြားသည်။

၎င်းသည် တစ်ချိန်က မျိုးဆက်သစ်စွမ်းရည်ဟု ယူဆထားသည့်အရာများကို ယနေ့ခေတ်သို့ ယူဆောင်လာပေးသည့် အောင်မြင်မှုတစ်ခုဖြစ်သည်။

**US 4-60th Air Defense Artillery Regiment receives DE M-SHORAD laser air defense prototype systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၇၇၄ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၇၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၁၆၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၇၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံဧက ၂၁၆၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကထက် ဧက ၁၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးပြီးစီးပါပြီ။ ပဲစင်းငုံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံကို ၂၀၂၂ ခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၀၃၅၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပဲစင်းငုံစိုက်တောင်သူများကို ယူရီးယားနှင့် လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြို့သစ်မြို့နယ် နဘဲကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**မြို့သစ် စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဘဲကုန်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကာလ၊ အရင်းဆပ်ကာလနှင့် အကျိုးကျေးဇူးများ၊ အတိုးဆပ် အတိုးနှုန်း သတ်မှတ်ချက်များ၊



ဆီထွက်သီးနှံစိုက်ပျိုးသော စီမံကိန်းအသင်းဝင် တောင်သူများ လိုက်နာရန်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နဘဲကုန်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ ဆီထွက်သီးနှံစိုက်တောင်သူ ၄၅ ဦးကို ငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အိပိုးပိုး**

# ရွှေကူမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု စစ်ဆေး

**ရွှေကူ စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါ်လဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့မြ) ဦးမိုင်းရင်နှင့် တာဝန်ရှိသူများက ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါ်လဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် Road Sign များ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါ်လဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းမှာ အရှည် တစ်မိုင်၊ အကျယ် ၁၈ ပေနှင့် အမြင့် ခုနစ်လက်မဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၀၉ ဒသမ ၂၄၅ သန်းဖြင့် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လ ပထမပတ်က စ၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပြီးစီးမှုကြောင့် ပန်းတင်၊ မြိုင်သာ၊ လမ်းကူး၊ ခေါ်လဲ၊ တာလီ၊ စင်းဖုတ်ကျေးရွာတို့မှ ပြည်သူများ ရာသီမရွေး သွားလာနိုင်ခြင်း၊ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ လျင်မြန်စွာ ပို့ဆောင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၉-၉-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၉၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် "ကမ္ဘာ့နှလုံးကျန်းမာရေးနေ့"အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)ရုံ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"နှလုံးအစဉ်ကျန်းမာဖို့ အသိသတိဖြင့် ဆင်ခြင်စောင့်ရှောက်စို့"**ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကို ပြည့်မီအောင်ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးက မိမိတို့ကျန်းမာရေးကို အသိသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် အချက်သည် လွန်စွာအရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှလုံးနှင့်သွေးကြောရောဂါများအပါအဝင် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၂၀၂၃-၂၀၂၇ ကို ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှစ၍ မကူးစက်နိုင်သောရောဂါများ စစ်ဆေးကုသနိုင်သည့် ဆေးခန်းပေါင်း ၇၇၇၆ ခုကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး ကုသမှုအတွက် လိုအပ်သောအခြေခံနှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများကုသသည့် ဆေးနှင့် ဆေးပစ္စည်းများကိုလည်း ပြည်သူများအတွက် နိုင်ငံတော်က အခမဲ့ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် နှလုံးရောဂါလူနာများအတွက် ခေတ်မီစက်ကိရိယာ၊ နည်းပညာများအသုံးပြု၍ ကျွမ်းကျင်အထူးကုဆရာဝန်ကြီးများက ကုသမှုပေးလျက်ရှိပါကြောင်း၊ ခေတ်မီကုထုံးများနှင့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အရှေ့တောင်အာရှဒေသတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဆေးရုံကြီးများတွင် နှလုံးအထူးကြပ်မတ်ကုသဆောင်(Coronary Care Unit) များ ဖွင့်လှစ်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားပြခန်းကို လှည့်လည်ကြည့်ရှုပြီး နှလုံးကျန်းမာရေးစစ်ဆေးပေးခြင်း ဒုတိယနေ့ဆောင်ရွက်နေမှုကို လှည့်လှည့်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံနှလုံးဆေးပညာရှင်များအဖွဲ့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်မှုနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးတွက်ခြေကိုက်မှု အလားအလာကောင်းများကိုမှန်းဆပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအပေါ် ဘက်ပေါင်းစုံက အားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ကော်ဖီထုတ်လုပ်တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိနိုင်မှုနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးတွက်ခြေကိုက်မှု အလားအလာကောင်းများကိုမှန်းဆပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအပေါ် ဘက်ပေါင်းစုံက အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်၏စံသတ်မှတ်ချက်များ၊ကုန်သွယ်မှုဆိုင်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများအပါအဝင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အခြေအနေများအပေါ် ကော်ဖီတောင်သူများ၊ကော်ဖီလုပ်ငန်းရှင်များ၊ကော်ဖီအသင်းအဖွဲ့များအနေဖြင့် မှန်ကန်မှုတစ္စာရှုမြင်သုံးသပ်ပြီး မိမိတို့၏ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းကြစေလိုကြောင်းဖြင့် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံ၊ ဟိုပုံး၊ ပင်လောင်းဒေသများမှ စိုက်ပျိုးထွက်ရှိသည့် မြန်မာ့အာရေဗီကာကော်ဖီသည် အထူးတန်းဝင်ကော်ဖီအဆင့်ရခဲ့မှုနှင့်အတူ အထိုက်အလျောက်မြင့်မားသော ကော်ဖီဈေးနှုန်းများ ရရှိနေပြီဖြစ်၍ နိုင်ငံခြားဝင်ငွေပိုမိုရရှိလာပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးအမြတ်ဖြစ်ထွန်းလာလျက်ရှိကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေးခြင်းနှင့်အတူ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၌ ဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ မြန်မာကော်ဖီအသင်းနှင့် ကော်ဖီအစုအဖွဲ့များမှ ကော်ဖီလုပ်ငန်းရှင်များ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများ ဖော်ထုတ်ဆွေးနွေးသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။






ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်ဖီရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူးက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးခြေအနေများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံကော်ဖီအသင်းနာယကနှင့် မြန်မာနိုင်ငံကော်ဖီအသင်းအစုအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံကော်ဖီအသင်း လက်ရှိဆောင်ရွက်နေမှုနှင့် ကော်ဖီတန်ဖိုးမြှင့်ကွင်းဆက်၊ပို့ကုန်မြှင့်တင်ရေး၊ပြည်ပသွင်းကုန်အစားထိုးကော်ဖီထုတ်လုပ်မှု၊အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်းအစီအစဉ်တွင် ပြည်တွင်းကော်ဖီစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် စိုက်ပျိုးပညာပေးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ ကော်ဖီကြိတ်ခွဲထုတ်လုပ်ခြင်း၊ သောက်သုံးမှုအရည်အသွေးစမ်းသပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ပြည်တွင်းကော်ဖီသောက်သုံးမှုနှင့် ပြည်ပကုန်သွယ်မှုအခြေအနေ၊ မူပိုင်ခွင့်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဧရိယာများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို စနစ်တကျ ကျင့်သုံးနိုင်ရေး၊ အရင်းအနှီးနှင့် ဈေးကွက်ရရှိရေး၊ လက်ရှိကော်ဖီဈေးကွက်အခြေအနေ၊ ကော်ဖီစိုက်တောင်သူများကြုံတွေ့နေရသည့်အခက်အခဲ၊ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ ပြုပြင်ကြိတ်ခွဲမှုအပါအဝင် ဈေးကွက်ရောက်သည်အထိ ကြုံတွေ့ရသည့်အခက်အခဲ၊ နည်းပညာလိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြကာ စီးပွားရေးပညာရှင်များကလည်း တန်ဖိုးမြှင့်ထုတ်ကုန်အတွက် စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ယနေ့ညမှ အောက်တိုဘာ ၃ ရက်အတွင်း ကမ်းရိုးတန်းဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

**(မိုး/ ဇလ)**

# မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၉**

မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟ ဟိုတယ်၌ ကျင်းပသည်။


သင်တန်းဆင်းပွဲသို့ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျွမ်းကျင်ပညာရှင်များ၊ နည်းပြဆရာ၊ ဆရာမများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ သင်တန်းတက်ရောက်သည့် ဝန်ထမ်းများ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ မဲခေါင်-လန်ချန်းဒေသမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငါးရက်ကြာကျင်းပခဲ့သည့် ယခုသင်တန်းကို မဲခေါင်-လန်ချန်းဒေသတွင်းနိုင်ငံများရှိ MSME များ၊ MSME အသင်းအဖွဲ့များ၊ အစိုးရတာဝန်ရှိသူများနှင့် မူဝါဒချမှတ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုဆိုင်ရာ အလေ့အကျင့်များ၊ မူဝါဒ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် ထွန်းသစ်စဒစ်ဂျစ်တယ် စက်မှုလုပ်ငန်းသစ်များအကြောင်း ပိုမိုနားလည်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်းနိုင်ငံများအကြား စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကိုမြှင့်တင်ရန်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိခဲ့သည့် အသိပညာနှင့်ကျွမ်းကျင်မှုများအပေါ် အခြေခံ၍ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေးတွင် ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်ရန် အားလုံးကိုတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်ထံ ပေးအပ်ပြီး သင်တန်းသားကိုယ်စားလှယ်နှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၉**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ဥစားကြက်များမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်းများ၌ ဆောင်ရွက်ထားရှိသည့် ဥစားကြက် မွေးမြူရေးခြံများ၊ အသားတိုးကြက်မွေးမြူရေးခြံနှင့် ရာသီသီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နီကော့ (ဦးလှိုင်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းအပါအဝင် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍများ၊ ရွှေနှင့်သတ္တုတူးဖော်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် မြန်မာ-ရုရှား စီပွားရေးဆိုင်ရာဖိုရမ် ကျင်းပနိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စက်တင်ဘာ ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၂၂၃ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင်ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲယှဉ်ပြိုင်မှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ်အဖြစ် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာ ကျောင်းများအနက် ၃၃ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၈၀ ဦးတို့က "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့" "Fighting Inequality For A Resilient Future" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို အောက်တိုဘာ ၁၈ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားသည်များကို ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော် ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၉**

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဒေသအတွင်း စိုက်ပျိုးရေနှင့်သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်နိုင်ခြင်းနှင့် ဒေသအတွင်း လျှပ်တစ်ပြက်(Flash Flood) ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်စီမံခန့်ခွဲနိုင်ရန်လိုကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် တိရစ္ဆာန်အစာရေစာများ ရှားပါးလာနိုင်သဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်၊ ရေအလေအလွင့်မရှိစေရေးအတွက် မိုးကာလမကုန်မီ ရေရရှိနိုင်သလောက် စုဆောင်း၍ သိုလှောင်ထားကြရန် ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့နယ်ရှိ ကျီးနီကန် ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်က ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကျီးနီကန်၏ ရေဝင်ရောက်မှုအခြေအနေများသည်နည်းပါးလာ၍ ဒေသအတွင်းရရှိနိုင်မည့် ရေအရင်းအမြစ်ရှာဖွေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့မှတစ်ဆင့် သာစည်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ရွှေဒါးမျိုးသန့်ခြံ၌ ဒေသမျိုးအပါအဝင် ဥဇဘက်ကစ္စတန်ဝါမျိုးသစ် ရှစ်မျိုးစမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် အပင်ဖြစ်ထွန်းမှု၊ ဝါဂွမ်းမွေးအရည်အသွေးနှင့် ဝါဂွမ်းချည်မျှင်ဆန့်ထွက်နိုင်မှုပမာဏတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ်ရှိ မင်းရာမ ရေလွှဲဆည်သို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူက ရေလွှဲဆည်အတွင်း စီးဆင်းနေသည့် စွေ့ချောင်းသဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့မှတစ်ဆင့် ပျော်ဘွယ်မြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အခြေခံရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး သင်ကြားရေးအတွက် အထောက်အကူပြုပစ္စည်းများကို ခေတ်နှင့်အညီ ကွင်းဆက်မပြတ် ဖြည့်တင်းနိုင်ရေးအတွက် စိစစ်တင်ပြနိုင်ရေး စီမံဆောင်ရွက်ရန်၊ စိုက်ပျိုးမြေအသုံးချမှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးသုတေသနစခန်း(ပျော်ဘွယ်)သို့ ရောက်ရှိပြီး တိရစ္ဆာန်အစာအာဟာရအတွက် သုတေသနပြုစိုက်ပျိုးထားသော မြက်များနှင့် ခြံအတွင်း တူးဖော်ထားသော စက်ရေတွင်း၏ ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးပြီး ရေတွင်းများမှတဆင့် ခြံအတွင်းသို့ ရေဖြန့်ဖြူးသည့်စနစ်ကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဖန်းချောင်း ရေလှောင်တမံသို့ ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေသော ရေပမာဏအပေါ်မူတည်၍ စိုက်ပျိုးသည့် သီးနှံပုံစံနှင့် ရေသုံးစွဲမှုအပေါ် အသေးစိတ်လေ့လာဆန်းစစ်ပြီး ရေအသုံးချမှု အစီရင်ခံစာပြုစုနိုင်သည်အထိ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ငှက်တွင်း) အောင်မြေသာစံမြို့နယ် နဂါးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တဝါသေဋ္ဌသာရ အမှူးပြုသော သံဃာတော်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာသည့် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌသာရ အမှူးပြုသော သံဃာတော်အပါး ၃၀၀ တို့အား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ပြုလုပ်စဉ်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးသူများဘဝ သာယာဖို့ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၂၃ နေပြည်တော်

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ လေ့ကျင့်ရေးကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့်အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်းနှင့် အမျိုးသမီးအသင်း သုံးသင်းစီတို့ဖြင့် စက်တင်ဘာ ၁၁ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြိမ်(၄၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် အကြိမ်(၄၀)မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အသင်းလိုက်ဆုရရှိကြသူများ၊ တစ်ဦးချင်းအကောင်းဆုံးအားကစားသမား ဆုရရှိသူများ၊ တံခွန်စိုက်ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဖလားဆု၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အကြိမ်(၄၀)မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘတ်စကက်ဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် စက်တင်ဘာ ၁၈ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# သိန်းနီမြို့ရှိ ကောင်းဟော်ကျေးရွာ၊ ကွမ်းလုံမြို့နှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ တော်ခလူးကျေးရွာတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့ရှိ ကောင်းဟော်ကျေးရွာနှင့် ကွမ်းလုံမြို့ရှိ ဟိုလီကျေးရွာတို့မှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၇ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခလူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၄၇ ဦးတို့ကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာအသီးသီး၌ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MNDAA အဖွဲ့ဝင်များကို ကြိုဆိုလက်ခံပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်းလိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ကြိုဆိုလက်ခံလျက်ရှိပြီး MNDAA အဖွဲ့ဝင် ၂၈ ဦးသည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ကြရာ ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် MNDAA အဖွဲ့ဝင်အမျိုးသားဦးရေ ၂၀ နှင့် အမျိုးသမီး ရှစ်ဦးတို့သည် ၎င်းနှင့်အတူပါလာသော လက်နက်ငယ်မျိုးစုံ ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ ခဲယမ်းမျိုးစုံ ၂၁၇ တောင့်နှင့် လက်ပစ်ဗုံး ငါးလုံးတို့ကိုတာဝန်ရှိသူများထံအပ်နှံကြသည်။ ထို့နောက် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ အလင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်၊ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MNDAA အဖွဲ့ဝင်တစ်ဦးက လက်နက်၊ ခဲယမ်းများ အပ်နှံစဉ်။**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော် ပဲဘူး၊ ကြက်သား၊ အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေး အခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်မျှဝေခြင်း၊အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Yi Yi Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်နေ ရီရီလွင်ကို ည ၈ နာရီ ၄၅ မိနစ်တွင် မိုးညိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ဗီယက်နမ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိ



**ဟန်နွိုင်း အောက်တိုဘာ ၂၉**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အပူပိုင်းမုန်တိုင်းငယ်တစ်ခု၏အရှိန်ကြောင့် စက်တင်ဘာ ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း ဗီယက်နမ် အမျိုးသားမိုးလေဝသဌာန၏ စက်တင်ဘာ ၂၈ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟန်ွိုင်းမြို့နှင့်အနီးတစ်ဝိုက်ရှိ ခရိုင်တချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန၏ ကြေညာချက်တွင် သတိပေးဖော်ပြထားကြောင်း၊ မိုးရွာသွန်းမှု၊ မြေပြိုမှုနှင့် ရုတ်တရက်ရေကြီးမှုကြောင့်ဖြစ်ပေါ်လာသော အန္တရာယ်များမှ ကာကွယ်နိုင်ရန် ပြည်နယ်အာဏာပိုင်များကို ဝန်ကြီးချုပ်ရုံးက ညွှန်ကြားထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ဟန်ွိုင်းမြို့လမ်းများပေါ်တွင် ကားနှင့် ဆိုင်ကယ်များကို စွန့်ပစ်ထားခဲ့ကြသဖြင့် ဖရိုဖရဲအခြေအနေများဖြစ်ပေါ်လျက်ရှိပြီး အချို့ဒေသများတွင် ရွှံ့ရေများစီးဆင်းမှုကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ နစ်မြုပ်လျက်ရှိသည်ကို ဒေသတွင်းမီဒီယာများက ဗီဒီယိုမှတ်တမ်းများဖြင့် ဖော်ပြလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုများကြောင့် ဟန်ွိုင်းမြို့တွင် စက်တင်ဘာ ၂၈ ရက်ကကျင်းပခဲ့သည့် ဗီယက်နမ်-ဥရောပစီးပွားရေးဆိုင်ရာကွန်ဖရင့်ကို ၂ နာရီခန့် အချိန်ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

**Ref : Malay Mail**
**Trs : AZH**

# ဘိုလီဗီးယားတွင် အယ်လ်နီညိုရာသီဥတုကြောင့် မိုးခေါင်ရေရှားမှုဖြင့် ကြုံတွေ့နေရ

**လာပက် အောက်တိုဘာ ၂၉**

ဘိုလီဗီးယားနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် ကြီးမားသော မိုးခေါင်ရေရှားမှုဖြင့် ကြုံတွေ့နေရသည်ဟု Save the Children အဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဘိုလီဗီးယားနိုင်ငံတစ်ဝန်း မိုးခေါင်ရေရှားမှုကြောင့် မိသားစုပေါင်းနှစ်သိန်းကျော်သည် အဆိုးပါ သက်ရောက်မှုဒဏ်ကို ခံစားနေရပြီး ဒေသန္တရစည်ပင်သာယာနယ်မြေ ၇၀ ခုရှိသောဒေသများတွင် သဘာဝဘေးအန္တရာယ်အဖြစ် တရားဝင်ကြေညာထားရကြောင်း သိရသည်။

ဘိုလီဗီးယားနိုင်ငံသည် စက်တင်ဘာလအတွက် အပူဆုံးစံချိန်အဖြစ် စက်တင်ဘာ ၂၅ ရက်က အပူချိန် ၄၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့ကြောင်း၊ သောက်သုံးရေရှားပါးခြင်း၊ နေ့အပူချိန်များ မြင့်မားပြင်းထန်ခြင်းတို့ကြောင့် ကလေးများ၏ပညာသင်ကြားမှုတွင် အနှောင့်အယှက်များလည်း ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မိုးခေါင်သဖြင့် မွေးမြူရေးလုပ်ငန်းများ၊ တိရစ္ဆာန်များအတွက် သန့်ရှင်းသောရေမရရှိခြင်းနှင့် ရေအရင်းအမြစ်များ ခန်းခြောက်လာခြင်းကြောင့် ယခုနှစ်အတွင်း ကျွဲ၊ နွားအကောင်ရေ ၁၃၀၀၀၀ ကျော် သေဆုံးခဲ့ပြီး လယ်ယာမြေ ဧက ၂၅၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်ခဲ့ကြောင်း ဘိုလီဗီးယားကာကွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဘိုလီဗီးယားနိုင်ငံရှိ မိုးခေါင်ရေရှားမှုဒဏ်ကြောင့် အကျပ်အတည်းနှင့် ရင်ဆိုင်နေရသော လူမှုအသိုင်းအဝိုင်းများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတိုးမြှင့်ပေးနိုင်ရေး ရန်ပုံငွေများ တိုးမြှင့်ရရှိရန် လိုအပ်ကြောင်း Save the Children အဖွဲ့၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားပြီး ကမ္ဘာတစ်ဝန်း ရာသီဥတုအကျပ်အတည်းဖြေရှင်းရေးလုပ်ငန်းများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် အရေးတကြီး လုပ်ဆောင်ရန် Save the Children အဖွဲ့က တောင်းဆိုထားကြောင်း သိရသည်။

**Ref : Cyprus Mail**
**Trs : AZH**

# ဆွစ်ဇာလန်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်နှစ်အတွင်း ရေခဲပြင်ပမာဏ ၁၀ ရာခိုင်နှုန်းထိဆုံးရှုံး

**အမ်ဘာသိန်း အောက်တိုဘာ ၂၉**

ဆွစ်ဇာလန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခဲပြင်ပမာဏမှာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း မူလပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်ထိ ဆုံးရှုံးခဲ့ကြောင်း Glacier Monitoring Switzerland (GLAMOS) အဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေခဲပြင် အရည်ပျော်ကျလာခြင်းမှာ အပူချိန်မြင့်တက်မှုကြောင့်ဖြစ်သကဲ့သို့ ဆောင်းရာသီကာလတွင်လည်း ဆီးနှင်းကျဆင်းမှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း Glacier Monitoring Switzerland (GLAMOS) အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မက်သီးယပ်စ်က ပြောကြားခဲ့သည်။

"၂၀၂၂ ခုနှစ် နွေရာသီလောက်ကနေစတင်ပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်လာတယ်။ ဒီနှစ် နွေရာသီမှာလဲ အပူချိန်တွေက ဆက်တိုက်မြင့်တက်ခဲ့တယ်။ ဆောင်းရာသီမှာလဲ ဆီးနှင်းကျဆင်းမှုက လျော့နည်းလာတယ်။ ဒီလိုအခြေအနေတွေကြောင့် နှစ်နှစ်တာကာလအတွင်း ရေခဲပြင်အရည်ပျော်ကျမှုနှုန်း စံချိန်တင်မြင့်တက်ခဲ့တယ်။ လက်ရှိ ဆွစ်ဇာလန်နိုင်ငံရဲ့ ရေခဲပြင်ဟာ ကျဆင်းနေပြီဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် ရေခဲပြင်အရည်ပျော်ကျမှုဟာ လက်ရှိအနေအထားထက်ကို ပိုမိုဆိုးရွားလာဖွယ်လဲ ရှိနေပါတယ်။ ရာသီဥတုဖောက်ပြန်မှုတွေကို အမြန်ဆုံးထိန်းချုပ်နိုင်မှသာ ဒီအခြေအနေကနေ လွတ်မြောက်နိုင်မှာဖြစ်ပါတယ်"ဟု မက်သီးယပ်စ်က ပြောကြားခဲ့သည်။

ရေခဲပြင် အရည်ပျော်ကျမှုကြောင့် ရေဧရိယာများတွင် ရေပမာဏ မြင့်တက်မှုဖြစ်ပေါ်လာပြီး ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်မှသာ ရေခဲပြင်ဧရိယာလျော့ကျမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းလည်း GLAMOS အဖွဲ့က ဆွစ်ဇာလန်အစိုးရကို တိုက်တွန်းခဲ့သည်။

အယ်လ်ပ်တောင်တန်း၏ ရေခဲပြင်ပမာဏထက်ဝက်ခန့်သည် ဆွစ်ဇာလန်နိုင်ငံဧရိယာအတွင်း တည်ရှိနေခြင်းဖြစ်ပြီး GLAMOS အဖွဲ့က ရေခဲပြင်အခြေအနေကို အမြဲမပြတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**Ref : CBS News**
**Trs : Sai Sat**



# အာဂျင်တီးနားတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ဂျုံစိုက်ခင်းများ အထွက်နှုန်းလျော့ကျဖွယ်ရှိနေ

**ဗျူနိုအဲရိစ် အောက်တိုဘာ ၂၉**

အာဂျင်တီးနားနိုင်ငံတွင် ၂၀၂၃- ၂၀၂၄ ခုနှစ် ဂျုံစိုက်ပျိုးရာသီအတွင်း ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်နေသောကြောင့် ဂျုံစိုက်ခင်းအထွက်နှုန်း သိသိသာသာ လျော့ကျလာဖွယ်ရှိနေပြီး ဂျုံစိုက်ပျိုးသူများ အရှုံးဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်ဟု ဗျူနိုအဲရိစ် ကောက်ပဲသီးနှံများလဲလှယ်မှုအဖွဲ့(BdeC) က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အထူးသဖြင့် အာဂျင်တီးနားနိုင်ငံ အနောက်ဘက်ပိုင်းတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး မိုးခေါင်နေသောကြောင့်လည်း အနောက်ဘက်ပိုင်း ဒေသများရှိ ဂျုံစိုက်ခင်းများ ပျက်စီးဆုံးရှုံးဖွယ်ရှိနေကြောင်း၊ ဂျုံစိုက်ခင်းများမှာ ရေလိုအပ်ချက်များ ရှိနေသော်လည်း လုံလောက်သည့်ရေပေးဝေမှုမရခြင်း၊ မိုးခေါင်မှုပြဿနာက ဂျုံစိုက်ခင်းများကို အထိနာလာစေခြင်းဖြစ်ကြောင်း ဗျူနိုအဲရိစ် ကောက်ပဲသီးနှံများလဲလှယ်မှုအဖွဲ့(BdeC) က ထုတ်ပြန်သွားခဲ့သည်။

"၂၀၂၂-၂၀၂၃ ခုနှစ် ဂျုံစိုက်ပျိုးရာသီမှာလဲ မိုးခေါင်တဲ့ပြဿနာကြောင့် ဂျုံအထွက်နှုန်းတွေကျဆင်းခဲ့ရတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ် ဂျုံစိုက်ပျိုးရာသီမှာလဲ အလားတူပြဿနာနဲ့ ရင်ဆိုင်နေရပြန်တယ်။ နှစ်နှစ်ဆက်တိုက် အခုလိုပြဿနာနဲ့ရင်ဆိုင်ခဲ့ရတာဟာ တောင်သူတွေအတွက် တော်တော်လေးကို အခက်တွေ့စေပါတယ်။ ဒါ့ပြင် ကမ္ဘာ့နိုင်ငံတွေအနက် ဂျုံစိုက်ပျိုးမှုအများဆုံး နိုင်ငံစာရင်းဖြစ်တဲ့ အာဂျင်တီးနားနိုင်ငံအနေနဲ့လဲ ဂျုံစိုက်ပျိုးမှုကဏ္ဍကနေ ဝင်ငွေရရှိမှု သိသိသာသာ ကျဆင်းသွားဖွယ်ရှိနေတယ်။ ဂျုံစိုက်ခင်းတွေမှာ လက်ရှိအလိုအပ်ဆုံးက ရေဖြစ်ပါတယ်။ ရေတွေကို လုံလောက်တဲ့ပမာဏအတိုင်း ပေးဝေနိုင်မှုမရှိသလို မိုးရွာသွန်းမှုကလဲ လုံးဝမရှိတဲ့အတွက်ကြောင့် ထင်မှတ်မထားလောက်တဲ့ပမာဏထိ ဂျုံအထွက်နှုန်း ကျဆင်းဖွယ်ရှိနေပါတယ်"ဟု ဗျူနိုအဲရိစ် ကောက်ပဲသီးနှံများလဲလှယ်မှုအဖွဲ့(BdeC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဂျုံစိုက်ပျိုးရာသီတွင်လည်း မိုးခေါင်သည့်ပြဿနာကြောင့် ဂျုံအထွက်နှုန်းများ သိသိသာသာ လျော့ကျခဲ့သည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

**Ref : Head Topic**
**Trs : Sai Sat**

# ရီနာအပူပိုင်းမုန်တိုင်း လာမည့်ရက်ပိုင်းအတွင်း လီဝက်ဒ်ကျွန်းသို့ ဝင်ရောက်ဖွယ်ရှိနေ

**ဝါရှင်တန် အောက်တိုဘာ ၂၉**

ရီနာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် အတ္တလန္တိတ်သမုဒ္ဒရာ အလယ်ပိုင်းတွင် အစပျိုးနေပြီး လာမည့်ရက်ပိုင်းအတွင်း ကာရေဘီယံဒေသတစ်ခုဖြစ်သည့် လီဝက်ဒ်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေသည်ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရီနာမုန်တိုင်းသည် ၂၀၂၃ ခုနှစ် အတ္တလန္တိတ်သမုဒ္ဒရာပိုင်းဇုန်၏ ဟာရီကိန်းမုန်တိုင်းရာသီအတွင်း ဖြစ်ပေါ်သော ၁၇ ကြိမ်မြောက် မုန်တိုင်းဖြစ်ပြီး လီဝက်ဒ်ကျွန်းကို ဦးတည်နေသော်လည်း လူနေရပ်များဆီသို့ တိုက်ခတ်ရန် ရာခိုင်နှုန်းနည်းနေကြောင်း၊ ရီနာမုန်တိုင်းသည် လက်ရှိ လီဝက်ဒ်ကျွန်း၏ အရှေ့ဘက် မိုင် ၁၀၈၀ အကွာသို့ရောက်ရှိနေပြီး အခြေအနေပေါ်မူတည်၍ မုန်တိုင်းပြယ်သွားနိုင်ကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းမုန်တိုင်းစင်တာက ထုတ်ပြန်ခဲ့သည်။

"ရီနာမုန်တိုင်းဟာ အပူပိုင်းမုန်တိုင်းအသွင်နဲ့ အတ္တလန္တိတ်သမုဒ္ဒရာအလယ်ပိုင်းကနေ အစပျိုးလာပြီဖြစ်ပါတယ်။ မုန်တိုင်းဟာ ၂၀၂၃ ခုနှစ် အတ္တလန္တိတ်ပိုင်းဇုန် ဟာရီကိန်းမုန်တိုင်းရာသီအတွင်း ၁၇ ကြိမ်မြောက်ဖြစ်ပေါ်လာတဲ့ မုန်တိုင်းလဲဖြစ်ပါတယ်။ ရီနာမုန်တိုင်းဟာ မကြာသေးမီက တိုက်ခတ်ခဲ့တဲ့ ဖိလစ်မုန်တိုင်းနဲ့လဲ ချိတ်ဆက်ဖြစ်ပေါ်ခဲ့တဲ့ မုန်တိုင်းဖြစ်တယ်။ မုန်တိုင်းဟာ လီဝက်ဒ်ကျွန်းဘက်ကို ဦးတည်နေပေမဲ့လဲ လီဝက်ဒ်ကျွန်းကိုမရောက်မီ မုန်တိုင်းအားပျော့သွားနိုင်တယ်။ လာမဲ့ ငါးရက်အတွင်းမှာ အားပျော့သွားနိုင်ပါတယ်"ဟု အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရီနာအပူပိုင်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီ မိုင် ၄၀ နှုန်းဖြင့် တိုက်ခတ်နေပြီး တစ်နာရီ ၇၉ မိုင်နှုန်းထိ မြင့်တက်လာဖွယ်လည်း ရှိနေကြောင်း၊ လေတိုက်နှုန်း တစ်နာရီ ၇၉ မိုင်နှုန်းထိ မြင့်တက်သွားပါက ရီနာမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းမှ ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းသွားဖွယ်လည်းရှိနေကြောင်း သိရသည်။

**Ref : NYT**
**Trs : Sai Sat**

# ဈေးကွက်စီးပွားရေး

ချင်းတောင်လတ်ငြိမ်း




(၁)

လူငယ်တစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အတွက် ဒီအဖြစ်အပျက်ဟာ တွေးမိတိုင်းရင်နာရတယ်။ အချို့ကပြောတယ်။ "ဟင်းစားသာပေး ကွန်ချက်မပြနဲ့"တဲ့။ အဲဒီစကားက သိပ်မှန်တာပဲ။ တွေးမိတိုင်း အဲဒီလူကို သိပ်စိတ်နာတယ်။ တကယ်ဆို သူ့ဒီလိုမလုပ်သင့်ဘူး။ သူက ကျွန်တော့်ရဲ့ဆရာလို့ ခေါ်လဲ မှားနိုင်စရာမရှိတဲ့လူ။ ဒီလူကပဲ ကျွန်တော့်ကို ပညာတွေသင်ပေးခဲ့တာလေ။ ပညာသင်တယ်ဆိုပေမဲ့ ကျွန်တော်က သူ့ကို နေ့စားနဲ့သင်ခိုင်းတယ်။ သူကလဲ စိတ်ရှည်လက်ရှည်နဲ့ သင်ပေးပါတယ်။ ကျွန်တော် မသိသေးတဲ့၊ မတတ်သေးတဲ့အရာကို သင်ပြပေးတယ်ဆိုတဲ့အချက်နဲ့ သူ့ကို ကျွန်တော် ဆရာလို့ခေါ်ခဲ့တယ်။ ကျွန်တော် သူ့ဆီပညာတွေတတ်ပြီဆိုတော့ ကျွန်တော့် နေရာမှာပဲ ဆိုင်ဖွင့်ဖို့လုပ်လိုက်တယ်။ ဆိုင်လေးက သိပ်ရောင်းကောင်းခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ကို ပညာသင်ပေးတဲ့ ဆရာဆိုတဲ့လူကြောင့် ကမောက်ကမ ဖြစ်ကုန်တယ်။ ဖြစ်ပုံကဒီလို။

(၂)

"သားရယ် အိမ်ကအလုပ်လဲအလုပ်ပါပဲ။ ဘာလို့ အခြားနေရာမှာ သွားလုပ်နေမှာလဲ"

အမေက ကျွန်တော့်စကားကြောင့် တော်တော်စိတ်ညစ်သွားပုံရတယ်။ ကျွန်တော်ကလဲ ခေတ်လူငယ်ဆိုတော့ စိတ်ဓာတ်တက်ကြွနေတဲ့အချိန်။

"အိမ်အလုပ်ဆိုတာက ထမင်းစားရုံလောက်ပဲ အမေ။ ကျွန်တော်က အဲဒီလောက်နဲ့ မတင်းတိမ်နိုင်ဘူး။ လောဘကြီးတယ်ပဲပြောပြော၊ ကျွန်တော်ကတော့ မြို့ပေါ်မှာ အလုပ်သွားလုပ်ချင်တယ်"

အမေက ကျွန်တော့်ကိုပြန်ပြောဖို့စကားတွေကို လေးလေးနက်နက်စဉ်းစားနေပုံရတယ်။

"အိမ်အလုပ်ဆိုတာက ထမင်းစားရုံလောက်ပဲ ဟုတ်တယ်။ အဖေလဲ ဒါကိုလက်ခံတယ်။ ဒါပေမဲ့ မိသားစုတွေ စည်းစည်းလုံးလုံးနဲ့လုပ်ရင် ပိုမကောင်းဘူးလား။ သားစဉ်းစားနော်။ အခြားသူတွေဆို မိစုံဖစုံနဲ့ နေချင်တိုင်းနေရတာမဟုတ်ဘူး"

အမေက ကျွန်တော့်ကို လေးလေးနက်နက်တွေ ပြောနေပေမဲ့ ကျွန်တော်က မြို့တက်ပြီး အလုပ်လုပ်ဖို့လောက်သာ စိတ်အားသန်နေတယ်။ ဘေးနားမှာ ကျွန်တော်နဲ့အမေပြောတဲ့စကားတွေကို နားထောင်နေတဲ့ ညီလေးသုံးယောက်က ကြောင်စီစီလေးတွေငေးလို့။

"ကျွန်တော် စဉ်းစားပြီးပြီအမေ။ ဒီခေတ်မှာ ငွေမရှိရင် လူရာမဝင်တဲ့ခေတ်။ ငွေရှိမှ ခေါ်ချင်ပြောချင်တဲ့ခေတ်အမေရဲ့။ အဖေ့ရဲ့အမျိုးတွေကြည့်ပါလား။ တစ်နှစ်နေလို့ တစ်ခေါက်ရောက်ချင်မှရောက်တာ။ အဲဒါ ငွေမရှိလို့မခေါ်ချင်တာ"

ကျွန်တော့်ရဲ့စကားကြောင့် အဖေနှုတ်ဆိတ်သွားတယ်။ မိနစ်အနည်းငယ်ကြာတဲ့ထိ အဖေက ကျွန်တော့်ကို ဘာစကားမှမပြောဘဲ ဆေးလိပ်တစ်လိပ်ဖွာပြီး အဝေးကိုငေးကြည့်နေခဲ့တယ်။ အဖေရဲ့ငေးကြည့်မှုတွေကို ကျွန်တော် နားမလည်နိုင်စွာနဲ့ အဖေ့ကိုပြန်ကြည့်နေခဲ့တယ်။ အနည်းငယ်ကြာပြီးတဲ့အခါ အဖေက စကားပြောတယ်။

"သား ကောင်းမယ်ထင်သလိုလုပ်ပါ"

(၃)

အခုဆို ကျွန်တော်မြို့ပေါ်ရောက်နေတာ တစ်ပတ်လောက်ရှိပြီ။ ဘာအလုပ်လုပ်ရမှန်းမသိသေးဘူး။ အဆောင်အတူနေတဲ့ သူငယ်ချင်းကတော့ ပန်းရန်လုပ်တယ်။ ကျွန်တော်က လူလိုတယ်ဆိုရင် ခေါ်အုံးလို့ ပြောထားတယ်။ အခုထိ သူလဲအလုပ်ပြန်မလာသေးဘူး။

"ပြန်လာပြီလား"

သူငယ်ချင်းပြန်လာတော့ ကျွန်တော်က ဝမ်းသာအားရနဲ့နှုတ်ဆက်တယ်။ ကျွန်တော့်မျက်လုံးက သူ့ဆီက "မင်းအလုပ်ရပြီ"ဆိုတဲ့စကားသံကို ကြားချင်တဲ့မျှော်လင့်ချက်တွေက မျက်လုံးမှာ အရောင်တွေလက်လို့။

"အေးကွာ။ ပြန်လာပြီဟေ့။ မင်းအတွက်လဲ သတင်းကောင်းပါတယ်။ မနက်ဖြန်ကစပြီး မင်းအလုပ်ဆင်းလို့ရပြီ"

သူငယ်ချင်းရဲ့စကားကြောင့် ကျွန်တော် တအားပျော်ခဲ့ရတယ်။ နောက်တစ်နေ့မှာ ကျွန်တော် ပန်းရန်လုပ်ရတယ်။ ကလေးမြို့ရဲ့ လမ်းဘေးရေထုတ်မြောင်းတွေပြင်နေတဲ့အချိန် ကျွန်တော်က သူငယ်ချင်းနဲ့အတူလုပ်ကြတယ်။ ကျွန်တော်တို့ရဲ့ ပန်းရန်ဆရာက သိပ်သဘောကောင်းတယ်။ ကျွန်တော်တို့ကိုလဲ ချစ်တယ်။ ကျွန်တော်တို့ကလဲ ကြိုးစားပြီးလုပ်တယ်။ ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက် ကုန်သွားတယ်။ တကယ်ဆို ပန်းရန်နောက်လိုက်လုပ်ရတာ သိပ်ပင်ပန်းတယ်။ ကျွန်တော့်ဆရာကတော့ မပင်ပန်းဘူး။ သူက သံလက်ကိုင်တယ်။ ကျွန်တော်တို့က အုတ်ခဲသယ်၊ မဆလာဖျော်တယ်။ အနံ့အသက်မကောင်းတဲ့ မြောင်းတွေထဲအလုပ်လုပ်ရတာ သိပ်စိတ်ညစ်စရာကောင်းတယ်။ ဒါပေမဲ့ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုကိုယ် အားပေးရတယ်။ ကျွန်တော် ပန်းရန်တစ်လလောက်လုပ်ပြီးတော့ လက်ထဲမှာ ပိုက်ဆံစုမိလာတယ်။ ပိုက်ဆံကိုရေကြည့်တဲ့အခါ တစ်သိန်းကျော်လောက်ရတယ်။ ပိုက်ဆံကနည်းနေသေးတာနဲ့ နောက်တစ်လလောက် ပန်းရန်ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

(၄)

ပန်းရန်လုပ်ရင်း ချွေတာစုလာတဲ့ပိုက်ဆံက အခုဆို နှစ်သိန်းကျော်လောက်ရနေပြီ။ ကလေးမြို့က နွေရာသီဆိုသိပ်ပူတာ။ ရာသီပေါ်ရောင်းတဲ့ဆိုင်လေးတွေက ရောင်းကောင်းနေတာကိုတွေ့ရတယ်။ အခုဆို ကလေးမြို့ရောက်နေတာ သုံးလလောက်ရှိပြီ။ အမေနဲ့အဖေလဲ ကျန်းမာရေးကောင်းတယ်။ အိမ်ကိုတော့ အကျိုးအကြောင်းပြောပြီးသွားပြီ။ အဖေကတော့ ထုံးစံအတိုင်းပဲပြောတယ်။ "သားကောင်းမယ်ထင်သလိုလုပ်ပါ"တဲ့။ ပန်းရန်လုပ်ရင်းနဲ့ ပတ်ဝန်းကျင်ကို လေ့လာကြည့်ပြီး ကျွန်တော်အတွေးတစ်ခုရလာတယ်။ ကျွန်တော့်ဆရာက ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်ကို အလုပ်ကြိုးစားလို့ဆိုပြီး သိပ်သဘောကျတာ။ သူ့ဘယ်နေရာမှာ ပန်းရန်လုပ်နေပါစေ ပန်းရန်နောက်လိုက်ကို ကျွန်တော်တို့ကလွဲရင် ဘယ်သူ့ကိုမှမခေါ်ဘူး။ ဆရာရဲ့ကျေးဇူးကြောင့်ပဲ ကျွန်တော်တို့အဆင်ပြေနေတယ်။

"ငါ့ညီတို့ မောနေကြပြီလား။ လာ နားကြအုံး"

ဆရာက ဖော်ရွေတယ်။ သဘောကောင်းတယ်။ ကျွန်တော်တို့ဆို သူ့ညီအရင်းတွေလို ချစ်တယ်။

"ဟုတ်ကဲ့။ လာပြီဗျ"

"လာလာ ငါ မုန့်နဲ့ အချိုရည်ဝယ်ထားတယ်။ နားနားနေနေနဲ့ လုပ်ကြတာပေါ့ကွာ"

ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် ဆရာဝယ်လာတဲ့ မုန့်နဲ့အချိုရည်ကို စားသောက်ရင်း အမောအပန်းဖြေပြီး ဗာဒံပင်အောက်မှာနားနေကြတယ်။

"ငါ့ညီတို့ရေ ဒီအလုပ်ပြီးသွားရင် အလုပ်က နားထားရအုံးမယ်။ ကိုယ်လဲ မြို့ထဲပတ်ပြီး ပန်းရန်အလုပ်ရှာရအုံးမယ်။ အလုပ်ရရင် မင်းတို့ဆီဖုန်းဆက်လိုက်မယ်နော်"

"ဟုတ်ကဲ့ဆရာ"လို့ ပြိုင်တူဖြေရင်း မုန့်နဲ့အချိုရည်ကို မြန်မြန်စားလိုက်ကြတယ်။ ခဏနားပြီးတော့ အလုပ်ဆင်းလိုက်ကြတယ်။

(၅)

နွေရာသီဆိုတော့ နေကသိပ်ပူလွန်းတယ်။ အလုပ်မရှိတော့ အဆောင်မှာပဲနားနေရတယ်။ မြို့ထဲမှာ အလုပ်ဆင်းရင်း ပေါ်လာတဲ့အတွေးလေးတစ်ခုကို သတိရလာမိတယ်။ ဒါနဲ့ စုထားတဲ့ပိုက်ဆံကို ရေကြည့်တယ်။ အားလုံးပေါင်း သုံးသိန်းနှစ်သောင်းငါးရာရှိတယ်။ ဒါနဲ့ပဲ စိတ်ကူးထားတဲ့အတိုင်းလုပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကြံကြိတ်စက်သေးသေးလေးတစ်လုံးဝယ်တယ်။ ထိုင်ခုံသုံး၊ လေးခုံလောက်ဝယ်ပြီး စားပွဲတစ်လုံးပါဝယ်လိုက်တယ်။ လက်ထဲမှာ နှစ်သောင်းလောက်ပဲကျန်ခဲ့တယ်။ နောက်တစ်နေ့မနက်ရောက်တော့ လမ်းဘေးတစ်နေရာမှာ ဆိုင်လေးတစ်ဆိုင်ဖွင့်လိုက်တယ်။ ကတ်ထူစက္ကူပြားပေါ်မှာက "ကြံရည်ဆိုင်" ဆိုပြီး စာရေးထားလိုက်တယ်။ စစချင်းဖွင့်တာဆိုတော့ ကြံရည်သောက်တဲ့သူက သိပ်မရှိဘူး။ နောက် တစ်ပတ်လောက်ကြာတဲ့အခါ လူစည်လာတယ်။ တစ်ရက်ကို ငါးသောင်းဖိုးလောက်ထိရောင်းရတယ်။ ရောင်းရတဲ့အထဲက အရင်းကိုချန်ပြီး အမြတ်ကိုတွက်ကြည့်တဲ့အခါ တစ်ရက်ကို အနည်းဆုံး တစ်သောင်းငါးထောင်ဆိုတာ ကိုယ့်အတွက်ကျန်တယ်။

"ညီလေးရေ ကြံရည်တစ်ခွက်"

"ဟုတ်ကဲ့ ရမယ်အစ်ကိုရေ"

ကျွန်တော့်ရဲ့ကြံကြိတ်စက်လေးကိုနှိုးပြီး ကြံတစ်ချောင်းထိုးထည့်လိုက်တယ်။ ပြီးတော့ သံပရာရည်ညှစ်ပြီး ရေခဲတုံးထည့်လိုက်တယ်။

"ရပြီအစ်ကိုရေ"

ကျွန်တော် ကြံရည်သွားပို့တယ်။

"ဟာ စိုးအောင် မင်းဆိုင်လား"

"ဟုတ်တယ်ဆရာ၊ ဆရာကော အဆင်ပြေရဲ့လား"

"ပြေတယ်ညီလေး။ မင်းဆိုင်ရောင်းကောင်းလား"

"ကောင်းတယ်ဗျ။ တစ်ရက်ကို သုံးသောင်း၊ လေးသောင်းဖိုးလောက်ရောင်းရတယ်။ တစ်ခါတလေဆို ငါးသောင်းဖိုးလောက်ထိရောင်းရတယ်"

"အေးကွာ။ အဆင်ပြေတယ်ဆိုလဲဝမ်းသာပါတယ်"

"ဟုတ်ကဲ့ဗျ"

ဆရာနဲ့စကားပြောပြီးတော့ အခြားသူတွေပါ ကျွန်တော့်ဆိုင်ကို ကြံရည်လာသောက်တာကြောင့် အလုပ်ရှုပ်သွားတယ်။ ဆရာကတော့ ထိုင်မြဲထိုင်နေတယ်။

"ညီလေးရေ ကြံရည်ဖိုးရှင်းမယ်"

"ဟုတ်ကဲ့ဆရာ။ ပြန်တော့မလား"

"ရော့ ပိုက်ဆံ"

ဆရာက ငါးထောင်တန်ထုတ်ပေးပြီး ထပြန်မယ်လုပ်တော့ ကျွန်တော်က လေးထောင့်ငါးရာပြန်အမ်းတော့ ဆရာကလက်ကာပြတယ်။ "ပြန်မအမ်းနဲ့"ဆိုတဲ့သဘော။ ဒီလိုနဲ့ ကြံရည်ရောင်းရင်း အချိန်က တဖြည်းဖြည်းကုန်လာတယ်။ ကြံရည်ရောင်းကောင်းတဲ့ရာသီကလဲ တဖြည်းဖြည်းဆုတ်လာတယ်။ လက်ထဲမှာလဲ ပိုက်ဆံက တော်တော်ရနေပြီ။ အခုဆို အိမ်ကိုပေးနိုင်ပြီ။

(၆)

ကြံရည်ရာသီကုန်လာတော့ ဆိုင်ကိုပိတ်လိုက်ရတယ်။ ဒါနဲ့ အလုပ်တစ်ခုထပ်လုပ်ဖို့ စဉ်းစားရပြန်တယ်။ ကျွန်တော်တို့ရပ်ကွက်ထဲမှာ မုန့်ဆိုင်မရှိဘူး။ စားချင်ရင် လမ်းမကြီးဘက်ထွက်ဝယ်ရတယ်။ ဒါနဲ့ပဲ အတွေးတစ်ခုထပ်ရပြန်တယ်။ ကိုယ့်ကိုယ်ကိုယ် တော်နေပြီလို့တောင် တွေးမိသေးတယ်။ မုန့်ဆရာတစ်ယောက်ဆီမှာ မုန့်လုပ်ပညာသင်ဖို့ စိတ်ကူးရလာတယ်။ ဒါပေမဲ့ သူ့ဆီကိုသွားသင် ရမလား၊ ဒါမှမဟုတ် ဒီနေရာမှာပဲ မုန့်လုပ်ပညာသင်ရင်း မုန့်ရောင်းရင် ကောင်းမလားဆိုတာကိုပါ စဉ်းစားရတယ်။ နောက်နေ့မနက်မှာ ကျွန်တော်နေတဲ့အဆောင်လမ်းထောင့်မှာ အီကြာကွေး၊ စမူဆာ၊ ပလာတာရောင်းတဲ့မုန့်ဆိုင်လေး ဖွင့်လိုက်တယ်။ ပြီးတော့ မုန့်ဆရာတစ်ယောက်ကို တစ်ရက်ငါးထောင်နဲ့ မုန့်လုပ်ပညာသင်ဖို့ခေါ်လိုက်တယ်။ မုန့်ဆရာဆိုတော့ မုန့်လုပ်တဲ့နေရာမှာသိပ်တော်တယ်။ စစချင်းနေ့ဆိုတော့ မုန့်ကသိပ်မရောင်းရဘူး။ ကျွန်တော်လဲ ပညာသင်နေတုန်း။

စာမျက်နှာ ၂၅သို့

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၆၈၆၅၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၆၈၆၅၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၆၈၈၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၈၆၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် ဆီထွက်သီးနှံဧက ၆၈၈၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၆၈၆၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှု လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံရေးနဲ့ ဆီထွက်သီးနှံ တိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧကအထွက်နှုန်း ကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၅၅၅၆ ဧက၊ နှမ်း ၂၈၁၇၂ ဧက၊ နေကြာ ၄၉၂၉ ဧက စုစုပေါင်း ၆၈၆၅၇ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မိုးမြေပဲ ၃၅၀၀၆ ဧက၊ မိုးနှမ်း ၂၈၉၂၄ ဧက၊ နေကြာ ၄၉၂၉ ဧက စုစုပေါင်း ၆၈၈၅၉ ဧကတို့ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းဖြတ်မြို့နယ် ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပါပူးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၈၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပါပူးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၈၀ ထုတ်ချေးပေးခဲ့ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ပြောပြ၍ သိရသည်။

**ဝင်းမာ**



➤ စာမျက်နှာ ၂၄ မှအဆက်

"ဒီအကြာကွေးက ဘယ်လောက်လဲ"

"တစ်ရာပါ"

"ဟုတ်ကဲ့။ ငါးရာဖိုးထည့်ပေးပါ"

နှစ်ရက်၊ သုံးရက်လောက်နေတော့ နည်းနည်းရောင်းကောင်းလာတယ်။ တစ်ပတ်လောက်နေတော့ ပိုပြီးရောင်းကောင်းလာတယ်။ ကျွန်တော်လဲ အကြာကွေးလုပ်နည်း၊ စမူဆာလုပ်နည်းတွေက ကျွမ်းကျင်စပြုလာပြီ။ မုန့်ဆရာကလဲ ပညာကုန်သင်ပေးတယ်။ ကျွန်တော် သူ့ကို သိပ်ကိုကျေးဇူးတင်တာပဲ။

(၇)

ဒီရပ်ကွက်လေးထဲမှာ ဆိုင်ဖွင့်ရောင်းရတာအဆင်ပြေတယ်။ အရင်လို စားစရာတစ်ခုခုစားချင်ရင် ရပ်ကွက်ထဲကလူတွေက အပြင်ထွက်ပြီး အဝေးကြီးသွားစရာမလိုတော့ဘူး။ ကျွန်တော့်ဆိုင်ကို လာဝယ်ရုံပဲ။ ဆိုင်လေးကသေးပေမဲ့ ရောင်းကောင်းလွန်းလို့ လက်မလည်တာနဲ့ ရွာက ညီမတစ်ယောက်ကိုပါ အကူခေါ်ထားရတဲ့ထိ ရောင်းကောင်းနေခဲ့တယ်။

"ညီမရေ စမူဆာနှစ်ထောင်ဖိုးထည့်ပေးပါအုံး"

"ဟုတ်ကဲ့ရှင့်"

"ညီမရေ အကြာကွေးငါးရာဖိုးချပေးပါအုံး"

"ဟုတ်ကဲ့ရှင့်"

ကျွန်တော်က မုန့်လုပ်။ ညီမက ဈေးကူရောင်း။ သိပ်အဆင်ပြေတာပဲ။ မနက်ပိုင်းဆို အလုပ်သွားတဲ့သူတွေက မနက်စာအတွက်ကို ကျွန်တော့်ဆိုင်ကိုပဲ အားကိုးကြတယ်။ အချို့ဆို လမ်းဘေးဆိုင်လေးတွေထဲက လက်ဖက်ရည်ထုပ်တို့၊ ကော်ဖီထုပ်ကလေးတွေဝယ်ပြီး ကျွန်တော့်ဆိုင်မှာ အကြာကွေးနဲ့တို့စားကြတယ်။ နောက်ဆို လက်ဖက်ရည်ဆိုင်ပါဖွင့်ဖို့ စိတ်ကူးထားမိတယ်။ ဆိုင်ခန်းအတွက်ကတော့ နေရာရှာရမှာပဲလေ။ အစပိုင်းကတော့ လူတိုင်းခက်ခဲကြတာပဲ။ တစ်ပတ်လောက်အကြာမှာ ကျွန်တော့်ဆိုင်ရဲ့မလှမ်းမကမ်းမှာ ဆိုင်ကြီးတစ်ခုဖွင့်တာတွေ့ရတယ်။ ကျွန်တော် ခေါင်းတွေကော၊ နားရွက်တွေကောပါမကဘူး တစ်ကိုယ်လုံးကြီးသွားသလားထင်ရတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီဆိုင်ဖွင့်နေတဲ့သူက ကျွန်တော့်ကိုမုန့်လုပ်သင်ပေးတဲ့မုန့်ဆရာဖြစ်နေတယ်။

ကျွန်တော် တကယ်မယုံနိုင်ဘူး။ ဒီလိုလုပ်လိမ့်မယ်လို့ထင်မထားခဲ့တာ အမှန်ပဲ။ ကျွန်တော့်မှာ ဒီဆိုင်လေးဖွင့်ဖို့အားခဲခဲ့သမျှ အကုန်မြောင်းထဲရောက်ကုန်သလိုပဲ။ ကောင်းလိုက်တဲ့စိတ်ကူး။ သူများဈေးကွက်ကို အားကောင်းတဲ့သူကလုယူသွားတဲ့ ကျွန်တော့်ဆရာ ဒါမှမဟုတ် ကျွန်တော့်ကို မုန့်လုပ်ပညာသင်ပေးတဲ့မုန့်ဆရာကို တအားအံ့သြမိတယ်။ ကျွန်တော့်အိပ်မက်တွေ လမ်းတစ်ဝက်ရောက်မှ ရိုက်ချိုးခံလိုက်ရတယ်။ ကျွန်တော့်ဈေးကွက်မှာ ခင်ဗျားတို့စီးပွားရေးစနစ်ကြီး ကောင်းစွာလည်ပတ်နိုင်ပါစေလို့ ဆုတောင်းရင်း ကျွန်တော်နောက်ဆုတ်ပြီးပြန်လာခဲ့ရတယ်။

## သက်ကြီးစကား တန်ပိုးထား

\- တို့တစ်တွေ ငယ်စဉ်ဘဝ
ကျေးတောက ဘသာအို
ရွာအလယ် ကွပ်ပျစ်ဝိုင်းမှာ
နှိုင်းဖွဲ့စာဆို
ပုံပြင်နဲ့ ဇာတ်လမ်းတို
ရာဇဝင်အို တစ်ထောင့်တစ်ည
သိမှတ်စရာ ဖွယ်ရာစုံတဲ့
ဇာတ်ပုံပြောပြ။

\- လူကြီးများ စုကာဝိုင်းလို့
ခိုင်းနှိုင်းပြ စကားဆိုလျှင်
နားထောင်ကာ အလွန်ကောင်းလို့
ပေါင်းစုနားဆင်
ဗဟုသုတ ရှာဖွေခင်
လေ့လာချင် အနှစ်များ
သက်ကြီးစကား သက်ငယ်ကြားလို့
အားစိုက်မှတ်သား။

\- ခုများတော့ အချိန်တွေခြားလို့
ခေတ်ပြောင်းသွား ဟောင်းခဲ့ပေ
ကွန်ပျူတာ ဖုန်းစနစ်နဲ့
ဖြုန်းပစ်ကြ အချိန်တွေ
သက်ကြီးတို့ ဖော်ကွဲနေ
ဖြန့်ကာဝေ အတွေ့ကြုံများ
ရှာဖွေကာ သိမှီးကြားဖို့
နားထောင်စို့လား။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# လှိုင်းဘွဲ့မြို့နယ် ထန်းတပင်ကျေးရွာ၌ မူကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မူကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများသည် ထန်းတပင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်အတူ အလျားပေ ၃၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ မူကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဘားအံမြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅၁ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၆၆ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဩဂုတ် ၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

# ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့်အတူယှဉ်တွဲနေထိုင်ခြင်း (၃)

**မေဇင်ထွန်း**



ယနေ့ခေတ်ကာလတွင် မြေထုညစ်ညမ်းမှုများတိုးလာသည်ကို ငြင်းဆန်၍မရချေ။ ထိုမြေထုညစ်ညမ်းမှုများက လူသားတို့၏ပတ်ဝန်းကျင်ကို ပျက်စီးစေသည်။ ထို့ကြောင့် လူသားအားလုံးသည် မြေထုညစ်ညမ်းမှုဖြစ်စေသည့် အကြောင်းတရားများကိုသိရှိနားလည်ပြီး မြေထုညစ်ညမ်းမှုများ ပိုမိုဆိုးရွားခြင်းမဖြစ်စေရန် တားဆီးရမည်ဖြစ်သည်။ ယနေ့ခေတ်ကာလတွင် မြေထုညစ်ညမ်းမှုသည် နေ့စဉ်နှင့်အမျှ ကြောက်စရာကောင်းသည့်နှုန်းဖြင့် တိုးလာနေသည်။

တိုးပွားလာသော လူဦးရေကြောင့် လူသားမျိုးနွယ်များနေထိုင်ရန်အတွက် မြေနေရာများ လိုအပ်လာသည်။ ထိုသို့လိုအပ်လာသော မြေနေရာအတွက် အဖိုးတန်သစ်တောများကို ခုတ်ထွင်ရှင်းလင်းရေးများပြုလုပ်ပြီး လူတို့နေထိုင်ရန်မြေနေရာများ ဖော်ဆောင်လာကြသည်။ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရေးအတွက် လမ်းများဖောက်လုပ်ခြင်း၊ တံတားများတည်ဆောက်ခြင်းကလည်း သစ်တောများပြုန်းတီးမှုကိုဖြစ်စေသည်။ ထို့ပြင် လူသားများနေထိုင်သည့်နေရာများတွင် စည်းစနစ်တကျစွန့်ပစ်အမှိုက်များမစွန့်ပစ်ကြသည့်အခါ ဘေးဥပဒ်ဖြစ်စေသည်။ ထိုသို့ အမှိုက်ပုံများမှအစ သစ်တောပြုန်းတီးခြင်းထိဖြစ်ပေါ်စေသည်။ ချူကလီးယားစွန့်ပစ် ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေသြဇာများ၊ မြို့ပြတည်ဆောက်ခြင်းစသည့် အကြောင်းအရာများကသဘာဝပတ်ဝန်းကျင်ကို နေ့စဉ်နှင့်အမျှ ညစ်ညမ်းခြင်းများဖြစ်စေသည်။ ထိုသို့ ပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ ညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်ခြင်းများမပြုလုပ်ဘဲ သည်အတိုင်းဆက်သွားနေမည်ဆိုလျှင် မကြာမီအချိန်တိုအတွင်း ပတ်ဝန်းကျင်သည် ပိုမိုပျက်စီးလာဖွယ်ရှိသည်။

စိုက်ပျိုးမြေများ၊ လယ်ယာမြေများကို ရှင်းလင်းကာနေထိုင်ရန်မြေယာများဖော်ဆောင်ခြင်း၊ အိမ်ခြံမြေဈေးများ မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးမြေများတွင် စိုက်ပျိုးခြင်းများမပြုလုပ်ကြတော့ဘဲ မြေနေရာများဖော်ဆောင်ရောင်းချခြင်းများကြောင့် စားသုံးသီးနှံများစိုက်ပျိုးရန်မြေနေရာများရှားပါးလာခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာပြဿနာကို ကြီးမားလာစေနိုင်သည်။

လူသားတို့၏ သတိမမူသည့်လုပ်ဆောင်မှုများသည် စိုက်ပျိုးရေးတွင် လိုအပ်သော မြေဆီမြေထုကို ညစ်ညမ်းမှုများဖြစ်စေသည်။ မြေထုညစ်ညမ်းမှုသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်အတွက် အလွန်ဆိုးကျိုးများကိုဖြစ်စေသည့်အပြင် လူသားများကို ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ရနိုင်သည်။

အဆိပ်အတောက်နှင့် သတ္တုဓာတ်ပါသောစွန့်ပစ်ပစ္စည်းများ မြေပြင်တွင် အလွယ်တကူစွန့်ပစ်လိုက်ခြင်းကြောင့် ထိုအဆိပ်အတောက်နှင့် သတ္တုဓာတ်များကမြေဆီလွှာအတွင်းသို့ စိမ့်ဝင်ကာ မြေဆီမြေနှစ်များကိုဖျက်ဆီးပစ်လိုက်ပြီးနောက် စိုက်ပျိုးသော်လည်း မဖြစ်ထွန်းသည့်မြေများ၊ ဖြစ်ထွန်းသော်လည်း သီးနှံအထွက်နှုန်း ထင်သလောက်မရသည့် စိုက်ခင်းမြေများအဖြစ်သို့ မြေထုသည်ပြောင်းသွားသည်။ ထိုအခါ တိုးပွားလာသည့်လူဦးရေကို ဖြည့်ဆည်းပေးရမည့် စားနပ်ရိက္ခာပမာဏသည် အချိုးမညီဖြစ်လာမည်ဖြစ်သည်။ အဆိပ်သင့် မြေဆီလွှာမှဖြစ်လာသော သီးနှံများသည် လူသားများ၊ တိရစ္ဆာန်များ၏ကျန်းမာရေးကို ဘေးဖြစ်စေသည်။ ညစ်ညမ်းသောမြေထုနှင့် ထိတွေ့မိသောလူသားတို့၏ အရေပြားများတွင် အရေပြားရောဂါများကိုဖြစ်စေသည့်အပြင် မြေဆီလွှာထဲစိမ့်ဝင်နေသောသတ္တုတချို့ကို ထိတွေ့မိခြင်း၊ မတော်တဆစားသုံးမိခြင်းကြောင့် ကင်ဆာရောဂါဖြစ်စေနိုင်သည်ထိ အန္တရာယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့စားသော အစားအစာများသည် ဤမြေများတွင် စိုက်ပျိုးကာ ပေါက်ရောက်သည့်အတွက်ကြောင့်ဖြစ်သည်။ ထို့ကြောင့် လူသားတို့ မြေပေါ်တွင် စွန့်ပစ်လိုက်သမျှ အဆိပ်အတောက်မှန်သမျှတို့သည် လူသားတို့ဆီသာ ပြန်၍ရောက်ရှိလာတတ်သည့်အတွက် မြေထုညစ်ညမ်းမှုလျှော့ချရေးများ မလွှဲမသွေလုပ်ဆောင်ကြရမည်ဖြစ်သည်။

မြေထုညစ်ညမ်းမှုလျှော့ချရေးအတွက် ကောက်ပဲသီးနှံစိုက်ပျိုးနည်းစနစ်များမှ အစပြု၍ အဝတ်အစားများ၊ အသုံးအဆောင်များ၊ အမှိုက်စွန့်ပစ်နည်းများနှင့် အခြားသောမြေထုညစ်ညမ်းစေမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်အများအပြားကို ဂရုတစိုက်ဆင်ခြင်လိုက်မည်ဆိုလျှင် မြေထုညစ်ညမ်းခြင်းကို ထိုက်သင့်သလောက်လျှော့ချနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်သည်။

ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်နေသရွေ့ မြေထုညစ်ညမ်းမှုတားဆီးရေးသည် အထူးလုပ်ဆောင်ရမည်ဖြစ်သည်။ မြေထုညစ်ညမ်းမှုကို ထိန်းသိမ်းကာကွယ်ရေးအတွက် သစ်ပင်သစ်တောများ စိုက်ပျိုးသင့်သည်။ သစ်ပင်များကို တစ်နှစ်ထက်တစ်နှစ်ပိုတိုးစိုက်သင့်ပြီး စိုက်ပြီးသားအပင်များ ရှင်သန်ဖြစ်ထွန်းရေးသည် အလွန်အရေးကြီးသည်။ သို့မှသာ မြေထုညစ်ညမ်းမှုလျှော့ချရန်အတွက် အထောက်အပံ့ဖြစ်ပေမည်။ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ စက်မှုလက်မှုများဖွံ့ဖြိုးတိုးတက်လာခြင်းတို့၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် သစ်တောပြုန်းတီးမှုနှုန်းများလည်း တိုးလာသဖြင့် ယခုအခါသစ်ပင်စိုက်ခြင်းကို ယခင်ကထက် ပိုမိုပြုလုပ်ရန်အရေးကြီးသည်။ သစ်တောပြုန်းတီးခြင်းသည် မြေဆီလွှာတိုက်စားခြင်းကို ပိုမိုဖြစ်စေပြီး သစ်ပင်များတည်ရှိခြင်းသည် မြေဆီသြဇာတိုးပွားစေရန် ကူညီပေးသည်။ ထို့ကြောင့် သစ်ပင်များရှင်သန်ဖြစ်ထွန်းကြီးထွားရန်အတွက် ဂရုတစိုက်ပြုလုပ်ကြရမည်။

ထို့ပြင် စွန့်ပစ်ပစ္စည်းများကိုလျှော့ချကြရမည်။ မလိုအပ်ဘဲ ပစ္စည်းအသစ်အဆန်းများ များစွာဝယ်ယူအသုံးပြုခြင်းများကို သတိပြုဆင်ခြင်ကာ ဖြစ်နိုင်လျှင် ပစ္စည်းအဟောင်းများကိုသာ မွမ်းမံပြီး အသုံးပြုကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်၍ လူသားတို့၏ စွန့်ပစ်အမှိုက်များကို တတ်နိုင်သမျှလျှော့ချသင့်ပြီး စွန့်ပစ်ခြင်းမပြုမီ စွန့်ပစ်ပစ္စည်းများကို မြေထုနှင့် ထိတွေ့သည့်အခါ အဆိပ်အတောက်ဖြစ်စေနိုင်သည့်

**❖ စွန့်ပစ်ပစ္စည်းများကိုလျှော့ချကြရမည်။ မလိုအပ်ဘဲ ပစ္စည်းအသစ်အဆန်းများ များစွာဝယ်ယူအသုံးပြုခြင်းများကို သတိပြုဆင်ခြင်ကာ ဖြစ်နိုင်လျှင် ပစ္စည်းအဟောင်းများကိုသာမွမ်းမံပြီး အသုံးပြုကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်၍ လူသားတို့၏ စွန့်ပစ်အမှိုက်များကို တတ်နိုင်သမျှလျှော့ချသင့်ပြီး စွန့်ပစ်ခြင်းမပြုမီ စွန့်ပစ်ပစ္စည်းများကို မြေထုနှင့် ထိတွေ့သည့်အခါ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများကို သေချာစနစ်တကျစွန့်ပစ်ခြင်းက မြေထုညစ်ညမ်းစေမှုကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ မြေထုညစ်ညမ်းမှုကိုတားဆီးရန် ကြိုးပမ်းခြင်းက မိမိအိမ်နှင့် မိမိပတ်ဝန်းကျင်ကို ကြီးမားသောကောင်းကျိုးများဖြစ်စေမည်ဖြစ်သည်။ ❖**

အရာများကို သေချာစနစ်တကျစွန့်ပစ်ခြင်းက မြေထုညစ်ညမ်းစေမှုကို လျော့နည်းစေနိုင်မည်ဖြစ်သည်။ မြေထုညစ်ညမ်းမှုကိုတားဆီးရန် ကြိုးပမ်းခြင်းက မိမိအိမ်နှင့် မိမိပတ်ဝန်းကျင်ကို ကြီးမားသောကောင်းကျိုးများ ဖြစ်စေမည်ဖြစ်သည်။ ပစ္စည်းဟောင်းများကို ပြန်လည်အသုံးပြုခြင်းအားဖြင့် ကုန်းမြေပေါ်ရှိ အမှိုက်ပမာဏကို သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ကာ အမှိုက်ကင်းသောပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

လူဦးရေတိုးပွားလာမှု၏ လိုအပ်ချက်ဖြစ်သည့် အစားအစာ လိုအပ်ချက်များလာခြင်းကြောင့် လယ်သမားများသည် စိုက်ပျိုးမှုများကို အရှိန်မြှင့်လုပ်ဆောင်လာပြီး အထွက်တိုးစေရန် ဓာတုပစ္စည်းများကို အသုံးပြုလာကြသည်။ ထိုသို့ ဓာတုဓာတ်မြေသြဇာများ အသုံးပြုခြင်းသည် ရေရှည်တွင် ကောင်းကျိုးထက် ဆိုးကျိုးပိုဖြစ်စေသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုဓာတ်မြေသြဇာများထက် သဘာဝမြေသြဇာကို အသုံးပြုသင့်သည်။ သဘာဝမြေသြဇာများသည် ကမ္ဘာမြေကို ထိခိုက်မှုနည်းပါးပြီး ကောက်ပဲသီးနှံများကြီးထွားရန် များစွာအကူအညီပေးသည်။ ထို့ပြင် ပိုးသတ်ဆေးသုံးစွဲမှုကိုလျှော့ချသင့်သည်။ သီးနှံများဖြစ်ထွန်းရေး၊ အသီးအရွယ်အစား ကောင်းမွန်စွာကြီးထွားရေးအတွက် ပိုးမွှားများ၏ အနှောင့်အယှက်ကို ထိန်းချုပ်ရန်လည်းလိုသည်။ ပိုးမွှားများထိန်းချုပ်ရန်အတွက် ပိုးသတ်ဆေးသုံးစွဲခြင်းသည် မြေထုကို ညစ်ညမ်းစေရုံသာမက ရေထုကိုလည်း ညစ်ညမ်းစေသည်။ ထို့ကြောင့် ပိုးသတ်ဆေးသုံးစွဲမှုကို လျှော့ချလိုက်ခြင်းဖြင့် လူသားတို့၏ ဂေဟစနစ်ကို ကာကွယ်ရမည်ဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် အရာများကို သိရှိထားခြင်း၊ မြေထုညစ်ညမ်းမှုကို လျှော့ချခြင်းအားဖြင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ မြေထုညစ်ညမ်းမှုသည် ရပ်တန့်သွားမည်မဟုတ်သည့်အတွက် တားဆီးရန်အတွက် နည်းလမ်းများကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ပါကြောင်းရေးသားလိုက်ပါသည်။

## ညောင်ရွှေမြို့နယ် ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဇော်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူ၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းဖြူဖြူအေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၆၉သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကျွန်းကြီးတောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၆၉ သန်း ထုတ်ချေးပေးထားကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက တိုက်စစ်ထက်မြက်နေတဲ့ ဘရန့်ဖို့ဒ်အသင်း၊ အတ္တလန်တာအသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML



တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် အသင်းတွေရဲ့ ခြေစွမ်းပိုင်းနဲ့ တွေ့ဆုံမှုအစဉ်အလာတွေကိုကြည့်ပြီး ရွေးချယ်ရမှာဖြစ်သလို အကျောပေးမှု အနည်းအများကိုလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ခြေရည်တူအသင်းတွေထဲက ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ အသင်းတွေနဲ့ ပွဲချိန်အတွင်း နည်းစနစ်ပိုင်းအပြောင်းအလဲလုပ်နိုင်စွမ်းရှိတဲ့ အသင်းတွေကိုပဲ အဓိကထား ရွေးချယ်သွားမှာဖြစ်ပါတယ်။

### ဘရန့်ဖို့ဒ်အသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နော်တင်ဟမ်နဲ့ ဘရန့်ဖို့ဒ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းဟာ ပရီးမီးယားလိဂ်ခြောက်ပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ထားပြီး အဆင့်(၁၂)မှာ ရပ်တည်နေတာဖြစ်ပါတယ်။ နော်တင်ဟမ်အသင်းအနေနဲ့ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းနှစ်ပွဲစလုံးမရှုံးနိမ့်သေးပေမဲ့ သူတို့တွေ့ဆုံခဲ့တာက ခြေစွမ်းကျဆင်းနေတဲ့ ရှက်ဖီး(ယူ)နဲ့ ဘန်လေအသင်းတို့ဖြစ်တာကြောင့် ဘရန့်ဖို့ဒ်လို တိုက်စစ်ထက်မြက်တဲ့အသင်းကိုတော့ ယှဉ်ပြိုင်ဖို့အတွက် ခက်ခဲမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ခြေရည်တူပြိုင်ဘက်တွေကို နိုင်ပွဲရယူနိုင်စွမ်းရှိတဲ့အသင်းဖြစ်ပေမဲ့ ကစားသမားသစ်တွေနဲ့ နည်းပြကြား နားလည်မှုလွဲနေသေးတာကြောင့် အသင်းလိုက်စုဖွဲ့မှုကောင်းတဲ့ ဘရန့်ဖို့ဒ်လို အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ဘရန့်ဖို့ဒ်အသင်းဟာ ပြီးခဲ့တဲ့ ဖလားပွဲစဉ်မှာ အာဆင်နယ်ကို လူချန်ကစားခဲ့တာကြောင့် တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်နှစ်ပွဲဆက် ရှုံးပွဲကြုံခဲ့တာကြောင့် အာဆင်နယ်နဲ့ ဖလားပွဲစဉ်မှာ လူချန်ပြီး အခုပွဲစဉ်ကို ရလဒ်ကောင်းဖို့ ပြင်ဆင်လာတာသေချာပါတယ်။ နည်းပြသောမတ်ဖရန့်ဟာ နွေရာသီမှာ ခံစစ်ပိုင်းကစားသမားဖြည့်တင်းခဲ့ပေမဲ့ လက်ရှိအချိန်ထိ အားနည်းချက်ကို ပြင်ဆင်နိုင်ခြင်းမရှိသေးလို့ ရလဒ်ကောင်းဖို့ ကြိုးစားနေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ခြောက်ပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ အဆင့်(၁၃)မှာရပ်တည်နေပြီး ခံစစ်ပိုင်းက ပေးဂိုး ကိုးဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာ နော်တင်ဟမ်လို ခြေရည်တူအသင်းနဲ့တွေ့ချိန်မှာ နိုင်ပွဲရှာဖို့လိုအပ်တာကြောင့် နည်းစနစ်ပိုင်း ဘယ်လိုပြောင်းလဲလာမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ နည်းပြရဲ့နည်းစနစ်ပိုင်းကောင်းခဲ့ပေမဲ့ နယူးကာဆယ်၊ အဲဗာတန်တို့လို အသင်းတွေနဲ့ကစားခဲ့ရတာကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြသောမတ်ဖရန့်ဟာ ပြီးခဲ့တဲ့ပွဲစဉ်တွေက အမှားကို အကောင်းဆုံးပြင်ဆင်ပြီး နော်တင်ဟမ်လို ခြေရည်တူအသင်းနဲ့ တွေ့ချိန်မှာ ရမှတ်ရှာဖွေလာမှာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုလေးကြိမ်မှာလဲ ဘရန့်ဖို့ဒ်က နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်နဲ့ အသာရခဲ့တာကြောင့် နိုင်ပွဲလိုအပ်နေတဲ့ ဘရန့်ဖို့ဒ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၂ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၁ | ဘန်လေ |
| ချဲလ်ဆီး | ၀ | - | ၁ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၁ | ဘန်လေ |
| မန်စီးတီး | ၂ | - | ၀ | နော်တင်ဟမ် |

**ဘရန့်ဖို့ဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးပို့ | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၂ | ဘုန်းမောက် |
| နယူးကာဆယ် | ၁ | - | ၀ | ဘရန့်ဖို့ဒ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၃ | အဲဗာတန် |
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | အာဆင်နယ် |

### အတ္တလန်တာအသင်း ရလဒ်ကောင်းမှာပါ

စီးရီးအေပွဲစဉ်(၇)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အတ္တလန်တာနဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ ဟိုက်လန်းကိုရောင်းချခဲ့ပြီးနောက်ပိုင်း တိုက်စစ်မှူး စကာမက်ကာနဲ့ ဘီလ်လာတိုရေးတို့ကို ခေါ်ယူနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ပြိုင်ပွဲစုံ ခုနစ်ပွဲကစားခဲ့ရာမှာ တိုက်စစ်ပိုင်းက ခုနစ်ပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး ၁၃ ဂိုးထိရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အခုရာသီ အိမ်ကွင်းပွဲစဉ်သုံးပွဲကစားအပြီးမှာ သုံးပွဲစလုံး ဂိုးပြတ်အနိုင်ရခဲ့သလို ခံစစ်ပိုင်းပေးဂိုး မရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ခြောက်ပွဲအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၂ မှတ်စုဆောင်းနိုင်ခဲ့လို့ အဆင့်(၆)မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ ဂတ်စပါရီနီကတော့ ၃-၄-၁-၂ ကစားကွက်မှာ ဒီကက်တီလာရီနဲ့ လွတ်မန်းတို့ကို တွဲဖက်အသုံးပြုနေပြီး ကူပီမီနာကို နောက်ချန်တိုက်စစ်မှာ ကွင်းလယ်နဲ့အချိတ်အဆက်လုပ်ခိုင်းပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို ဖိအားပေးနေတာတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ တိုက်စစ်မှူး စကာမက်ကာနဲ့တိုရီတို့ ဒဏ်ရာကြောင့် မပါနိုင်ပေမဲ့ အဓိကပွဲထွက်ခွင့်ရနေတဲ့ တိုက်စစ်မှူးတွေ ကစားနိုင်မှာဖြစ်လို့ ခြေစွမ်းပိုင်းကျဆင်းသွားမှာ မဟုတ်ပါဘူး။

ဂျူဗင်တပ်အသင်းဟာ အခုရာသီမှာ ဥရောပပြိုင်ပွဲ ကစားခွင့်မရခဲ့တာကြောင့် ပွဲပန်းမှုဒဏ်ကိုမခံစားရဘဲ အမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပြသနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ အဝေးကွင်းပွဲစဉ်မှာတော့ ဆက်ဆူအိုလိုအသင်းကို လေးဂိုးနှစ်ဂိုးနဲ့ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ လိုအပ်ချက်တွေရှိနေခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ဗလာဟိုဗစ်၊ ချီဆာတို့လို ကစားသမားတွေနဲ့ ပွဲထွက်လာခဲ့ပေမဲ့ ဆက်ဆူအိုလိုရဲ့ ဦးဆောင်မှုကိုပဲခံခဲ့ရပြီး နောက်ကလိုက်ကစားခဲ့ရတာကို တွေ့ရမှာပါ။ နည်းပြ အယ်လီဂရီကတော့ ၃-၅-၂ ကစားကွက်ကိုပုံမှန် အသုံးပြုနေပေမဲ့ အတ္တလန်တာရဲ့ တိုက်စစ်ထက်မြက်မှုနဲ့ ပွဲချိန်အတွင်း နည်းစနစ်ပိုင်းပြောင်းလဲမှုတွေက ရလဒ်ပိုင်းပြောင်းလဲနိုင်စွမ်းရှိနေတာကြောင့် အိမ်ရှင်အတ္တလန်တာအသင်းကပဲ ရလဒ်ကောင်းမှာပါ။

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၃ | - | ၀ | မွန်ဇာ |
| ဖီအိုရင်တီးနား | ၃ | - | ၂ | အတ္တလန်တာ |
| အတ္တလန်တာ | ၂ | - | ၀ | ချက်တိုချိုဝါ |
| အတ္တလန်တာ | ၂ | - | ၀ | ကက်ဂလီယာရီ |
| ဗီရိုနာ | ၀ | - | ၁ | အတ္တလန်တာ |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၁ | ဘိုလော့နာ |
| အမ်ပိုလီ | ၀ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၁ | လာဇီယို |
| ဆက်ဆူအိုလို | ၄ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၀ | လက်ချီ |

### ဘက်တစ်အသင်း အနိုင်ရမှာပါ

လာလီဂါပွဲစဉ်(၈)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘက်တစ်နဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ကြားရက်မှာ ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်မှာ နှစ်သင်းစလုံးနိုင်ပွဲ ပျောက်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဘက်တစ်ဟာ အဝေးကွင်းမှာ ကစားခဲ့ရတာကြောင့် ဂရန်နာဒါကို တစ်ဂိုးစီသရေရလဒ်နဲ့ သရေတစ်မှတ်ပဲ ရရှိခဲ့တာဖြစ်ပါတယ်။ ဘက်တစ်ဟာ အခုရာသီမှာ အသင်းလိုက်စုဖွဲ့မှု ကျဆင်းသွားတာကြောင့် ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့ပေမဲ့ အိမ်ကွင်းကစားပုံကတော့ တည်ငြိမ်ဆဲဖြစ်နေတာကိုတွေ့ရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူး ဝီလျံဂျို့ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ သူ့နေရာမှာ အရပ်အမောင်းကောင်းပြီး တိုးအားရှိတဲ့ အီဂယ်စီးယက်စ်ကို အသုံးပြုခဲ့ရင် ဗလင်စီယာ ခံစစ်ပိုင်း အခက်တွေ့မှာဖြစ်ပါတယ်။ ဒါ့ပြင် ဘက်တစ်ဟာ ဗလင်စီယာကို ဧည့်ခံကစားရတဲ့နောက်ဆုံးငါးပွဲမှာ တစ်ပွဲရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ အသာရခဲ့တာကိုတွေ့ရမှာပါ။

ဗလင်စီယာအသင်းဟာ ခုနစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၁၀ မှတ်ရရှိခဲ့ပြီး အဆင့်(၈)မှာ ရပ်တည်နေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ကြားရက်ကအမှတ်ပေးပြိုင်ပွဲမှာ ဆိုစီဒက်နဲ့တွေ့ဆုံခဲ့ပေမဲ့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရလို့ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တယ်လို့ထင်ရပေမဲ့ တောင်ပံကစားသမားတွေဖြစ်တဲ့ ပီရက်ဇ်နဲ့ လိုပက်ဇ်တို့ ပုံမှန်ခြေစွမ်းအောက်ကျဆင်းခဲ့တာကြောင့် ပြိုင်ဘက်ခံစစ်ကြောင်းကို ဖိအားမပေးနိုင်တော့ဘဲ ဆိုစီဒက်ရဲ့ တိုက်စစ်ဆင်မှုကိုပဲ ဟန့်တားခဲ့ရတာကိုတွေ့ရမှာပါ။ ဗလင်စီယာဟာ အခုရာသီ အဝေးကွင်းသုံးပွဲမှာ ဆီဗီလာကိုအနိုင်ရခဲ့ပေမဲ့ အလာဗက်၊ အယ်မာရီယာတို့ကို နိုင်ပွဲမရခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ အိမ်ကွင်းကစားပုံမာကျောတဲ့ဘက်တစ်က နိုင်ပွဲရှာဖို့ အစွမ်းကုန်ပြင်ဆင်လာမှာဖြစ်လို့ အဝေးကွင်းအားနည်းချက်တွေရှိနေတဲ့ ဗလင်စီယာအသင်း ရမှတ်ခွဲယူဖို့တောင် ရုန်းကန်ရမှာဖြစ်ပါတယ်။ လက်ရှိမှာ ဘက်တစ်အသင်းက ဝါရင့်နည်းပြတစ်ဦးကိုင်တွယ်နေတာဖြစ်သလို ကစားသမားစုဖွဲ့မှုနဲ့ အသင်းလိုက်ကစားအားမှာလဲ ဗလင်စီယာထက်သာလွန်နေတာကြောင့် အဝေးကွင်းရလဒ်ပိုင်းဆိုးရွားနေတဲ့ ဗလင်စီယာအသင်း ရှုံးပွဲကြုံဖို့များပါတယ်။ ဒါကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ ဘက်တစ်အသင်းပဲ အနိုင်ရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | ဗယ်လ်ကာနို |
| ဘာစီလိုနာ | ၅ | - | ၀ | ဘက်တစ် |
| ရိန်းဂျား | ၁ | - | ၀ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ကာဒီဇက် |
| ဂရန်နာဒါ | ၁ | - | ၁ | ဘက်တစ် |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၂ | အိုဆာဆူနာ |
| အလာဗက် | ၁ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ၀ | အေတီကို |
| အယ်မာရီယာ | ၂ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၀ | - | ၁ | ဆိုစီဒက် |

# ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေ



**ရန်ကုန် အောက်တိုဘာ ၂၉**

ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကိုဝယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်း၏ သတင်းများအရ သိရသည်။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ပို့ကုန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၀၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၅၇ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇၅၈ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ဧပြီလမှ သြဂုတ်လကုန်ထိ ငါးလတာကာလအတွင်းတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၉၈၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၉၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈၇၉ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့် ပဲတီစိမ်း စသည့်လယ်ယာထွက်ကုန်များကို တိုးမြှင့်ဝယ်ယူနေကြောင်း၊ လက်ရှိတွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ကော်ဖီများကိုလည်း ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များတွင် မြန်မာ့ကော်ဖီများကိုအမြဲတမ်းကော်ဖီ အမျိုးအစားအဖြစ် မိတ်ဆက်ပေးပြီး မြန်မာနိုင်ငံမှ ကော်ဖီများကို ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံက မြန်မာနိုင်ငံ၏ ကော်ဖီများကိုဝယ်ယူရန်အတွက် လက်ရှိတွင် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Maxim Reslictnikov က နိုင်ငံအတွင်းရှိ လက်လီဆိုင်များ၌ မိတ်ဆက်ပြသထားသည့်အပြင် ဝယ်ယူရန်အတွက်လည်း ကမ်းလှမ်းဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ကြောင့် လာမည့်ကော်ဖီရာသီတွင် တင်ပို့ရောင်းချပေးနိုင်ရေးစီစဉ်ဆောင်ရွက်နေပြီး မြန်မာ့ကော်ဖီများသည် နိုင်ငံတကာ ဈေးကွက်များတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၅၀၀ မှ ၈၃၀၀ ထိ ဈေးနှုန်းရရှိကြောင်း၊ မြန်မာနိုင်ငံမှ နှစ်စဉ်ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ထိထွက်ရှိနေသော်လည်း ပြည်ပသို့ ကုန်ကြမ်းအဖြစ်သာ တင်ပို့ရောင်းချပေးနေရကြောင်း၊ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများက မြန်မာ့ကော်ဖီများကိုဝယ်ယူကာ ကုန်ချောအဖြစ် အဆင့်မြှင့်ပြီး ပြန်လည်ဖြန့်ဖြူးရောင်းချပေးနေကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။

(၃၃၆)

# အုတ်တွင်းမြို့နယ် ပင်းယကွင်းကျေးရွာ၌ ၄၀၀ ပို့စာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**အုတ်တွင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်းယကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ၄၀၀ ပို့စာတ်အားလိုင်း သွယ်တန်းပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာတွင်းမီးလင်းရေးကော်မတီဝင်များနှင့်အတူ ပင်းယကွင်းကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ပို့စာတ်အားလိုင်းသွယ်တန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အုတ်တွင်းမြို့နယ် ပင်းယကွင်းကျေးရွာ၌ အရှည်ပေ ၂၅၀၀ ရှိ ကျေးရွာတွင်း ၄၀၀ ပို့စာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၈ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၇၃၂၈ သန်း စုစုပေါင်းငွေကျပ် ၁၅ ဒသမ ၅၃၂၈ သန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်စက်တင်ဘာလ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးမှုကြောင့် ပင်းယကွင်းကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်မှာ လျှပ်စစ်မီးကို ရရှိသုံးစွဲနေပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညို**

**စာအုပ်စာပေ လူ့မိတ်ဆွေ**






❖ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက် အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ် စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန် ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရ မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလော တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်


၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MNDAA အဖွဲ့ဝင်များကို ကြိုဆိုလက်ခံပွဲပြုလုပ်
စာမျက်နှာ - ၂၂

ရုရှားနိုင်ငံက မြန်မာ့ကော်ဖီများကို ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေ
စာမျက်နှာ - ၃၀




## ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(**Low Pressure Area**)သည် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့သည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၄၈ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရပ်ဝန်း(**Well Marked Low Pressure Area**) အဖြစ်သို့ ရောက်ရှိနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

သို့ဖြစ်ပါ၍ ယနေ့ညမှအောက်တိုဘာ ၃ ရက်အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် **Myanmar Arr Thit Man Motor Co.,Ltd.** က တင်သွင်းလာသော **AIMA** အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

